
စိတ်ကူးချိချိအနုပညာ



မူလတန်းကျောင်းသားများအတွက်

# မြန်မာ့သမိုင်းပုံပြင်များ

တန်းမြင့်ကျောင်းအုပ်ဆရာကြီးဦးတိုးမြိုင်

mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

မူလတန်းကျောင်းသားများအတွက်

# မြန်မာ့သမိုင်းပုံပြင်များ

တန်းမြင့်ကျောင်းအုပ်ဆရာကြီးဦးတိုးမြိုင်

ISBN9789997116451

HIS33

9 789997 116451

2,200.00KS

မူလတန်းကျောင်းသားများအတွက် မြန်မာ့သမိုင်း ပုံပြင်များ။ ဦးတိုးမြိုင်(တန်းမြင့်ကျောင်းအုပ်ဆရာကြီး)
မျက်နှာဖုံးပန်းချီ - ဗိုသံ
စာမျက်နှာ ၂၁၈ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၅၅၊ ပေပုံနှိပ်တိုက်ထုတ် နှစ်တွဲမှ

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

မူလတန်းကျောင်းသားများအတွက်

# မြန်မာ့သမိုင်းပုံပြင်များ

ဦးတိုးမြိုင်
(တန်းမြင့်ကျောင်းအုပ်ဆရာကြီး)

မြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၉

mgyoe.com

mgyoe.com
mgyoe.com

# မာတိကာ

**ပထမအစုအစောင်**


| | | |
|---|---|---|
| ၁။ | တောဝက်ကြီး | ၃ |
| ၂။ | င တပါး | ၇ |
| ၃။ | ဥကြီးသုံးလုံး | ၁၁ |
| ၄။ | ကွမ်းအပ်သား | ၁၅ |
| ၅။ | ငသံလျင် | ၂၀ |
| ၆။ | ပုဂံညှပ်ကြီး | ၂၄ |
| ၇။ | ဆင်းရဲသားမင်း | ၂၈ |
| ၈။ | တောင်သူကြီး | ၃၂ |
| ၉။ | ငမိုးရိပ် | ၃၆ |
| ၁၀။ | ရေသဘင် | ၃၉ |
| ၁၁။ | မင်းဆရာ | ၄၃ |
| ၁၂။ | သူ့ကျေးဇူး | ၄၈ |
| ၁၃။ | စွဲလမ်းသူ | ၅၂ |
| ၁၄။ | ဆင်လိမ္မာ | ၅၆ |
| ၁၅။ | အရှင့်အချစ် | ၆၀ |
| ၁၆။ | သတ္တိဗလ | ၆၄ |

mgyoe.com


| | | |
|---|---|---|
| ၁၇။ | ခေမနော | ၆၈ |
| ၁၈။ | ခင်ဦးစား | ၇၂ |
| ၁၉။ | လှေပွဲသဘင် | ၇၅ |
| ၂၀။ | လက်ရုံးရည် | ၇၉ |


**[illegible]**


| | | |
|---|---|---|
| ၂၁။ | သတိုးနဂါးနိုင် | ၈၅ |
| ၂၂။ | မင်းမဟာဂီရိ | ၉၀ |
| ၂၃။ | အမြွှာညီနောင် | ၉၄ |
| ၂၄။ | အမျိုးသမီး အာဇာနည် | ၉၈ |
| ၂၅။ | လေးတော်ရှင် | ၁၀၃ |
| ၂၆။ | သက်တံရောင် | ၁၀၇ |
| ၂၇။ | ရွှေမိုးငွေမိုး | ၁၁၂ |
| ၂၈။ | မင်းလောင်း | ၁၁၇ |
| ၂၉။ | သန္ဓေသူ | ၁၂၂ |
| ၃၀။ | တောင်ပြုန်း | ၁၂၆ |
| ၃၁။ | မြစေတီ | ၁၃၀ |
| ၃၂။ | မင်းမာန | ၁၃၅ |
| ၃၃။ | သော်ကစန္ဒီ | ၁၄၀ |
| ၃၄။ | ပညာ့ရှင် | ၁၄၅ |
| ၃၅။ | ရှင်ရဲထွတ် | ၁၅၀ |
| ၃၆။ | သူရဲကောင်း | ၁၅၄ |
| ၃၇။ | ဝါရီရူး | ၁၅၉ |
| ၃၈။ | နန္ဒယော်ဓာ | ၁၆၃ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၃၉။ | သမိန်ဘရမ်း | ၁၆၇ |
| ၄၀။ | သားမိုက် | ၁၇၂ |
| ၄၁။ | ဖွင်ကာကူ | ၁၇၇ |
| ၄၂။ | ဗိုလ်ချုပ် | ၁၈၁ |
| ၄၃။ | သိဒ္ဓိရှင် | ၁၈၆ |
| ၄၄။ | ရဲခေါင်ကျော်ထင် | ၁၉၂ |
| ■ | ဖြေဆိုရန်နှင့် လက်တွေ့လေ့ကျင့်ရန်မေးခွန်းများ | ၁၉၆ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ပထမ

စာစောင်

mgyoe.com

mgyoe.com


# နိဒါန်း

မူလတန်းကျောင်းသားကလေးများအား နိုင်ငံသမိုင်းနှင့်ဆိုင်သော ဗဟုသုတ အထိုက်အလျောက် ရရှိစေရန် သမိုင်းအနေဖြင့် ဦးစွာ သင်ကြားခြင်း မပြုသေးမှီ၍ ရာဇဝင်သမိုင်းတွင် ကျော်ထောက်နောက်ခံသဖွယ်ဖြစ်သော ပုံပြင်ဝတ္ထုကလေးများဖြင့်သာ လမ်းခင်း၍ ပေးသင့်သေးပေသည်။

သို့ဖြစ်၍ သမိုင်းနှင့်ဆိုင်သော အချက်အလက်များ အနည်းအကျဉ်းမျှ သာပါစေပြီး ပုံပြင်ဝတ္ထုသဘော သက်ရောက်စေမည့် အကြောင်းအရာများ ဖြစ်စေရန် ပို၍အရေးကြီးသည်ဟု ယူဆမိသည်။

တစ်ဖန် ရွေးချယ်သည့် ပုံပြင်ကလေးများသည် ကလေးတို့အား စိတ်ပါဝင်စားခြင်းရှိစေရမည့်ပြင် ၎င်းတို့ကို ဖတ်ခြင်းဖြင့် စိတ်ထိခိုက် လှုပ်ရှားမှုများ ဖြစ်စေ၍ သူတို့၏ အပြုအမူစိတ်နေသဘောထားတို့ကို အမှတ်မထင် ပြုပြင်ပေးစွမ်းနိုင်မည့်အကြောင်းမျိုးများလည်း ဖြစ်သင့်ပေသည်။

ဤစာအုပ်ငယ်မှာ ထိုအချက်များနှင့် ညီညွတ်စေ၍ ခေတ်အသီးသီးမှ သင့်လျော်ရာပုံပြင်တို့ကို စေ့စေ့ငစပ်စစ်ရွေးချယ်ပြီးလျှင် တတ်နိုင်သမျှ လွယ်ကူရှင်းလင်းစေရန် ရည်သန်၍ရေးသားထားခြင်းဖြစ်ပါကြောင်း။ ။


ဦးတိုးမြိုင်

mgyoe.com

## တောဝက်ကြီး

လွန်လေပြီးသောအခါက တကောင်းပြည်တွင် သတိုးရွှေ အမည်ခံ မင်းတစ်ပါး ရှိလေသည်။ ထိုမင်း၏ မိဖုရားကြီးမှာ သားသမီးဟူ၍ တစ်ဦးတစ်ယောက်မျှ မထွန်းကားချေ။ သို့ကြောင့် ယောက်ဖတော် ခေပဒူတကိုသာ အိမ်ရှေ့အပ်နှင်းထားရပေသည်။

ထိုအချိန်တွင် ကြောက်မက်ဖွယ်ကောင်းလှသော တောဝက်ရိုင်းကြီးတစ်ကောင်သည် ကျေးလက် ရွာငယ်တို့ကို ဝင်ရောက်ဖျက်ဆီး၏။ ရွာသားတို့လည်း မခုခံဝံ့ကြကုန်။ ဝက်ကြီးလာပြီ



ဝက်ကြီးလည်း တွေ့သမျှ လူတို့ကို ကိုက်သတ်၏

mgyoe.com

mgyoe.com


ကြားလျှင် အသက်ဘေးမှ လွတ်အောင်သာ ထွက်ပြေးကြရလေသည်။ ဝက်ကြီးလည်း တွေ့သမျှ လူသူတို့ကို ကိုက်သတ်၏။ အိမ်ရာတို့ကို ဖျက်ဆီး၏။ သို့ဖြစ်၍ များစွာပင် ပျက်စီးသေဆုံးကြလေသည်။

ထိုအကြောင်းကို တကောင်းမင်းကြီး ကြားသိတော်မူလျှင် အိမ်ရှေ့မင်းကိုခေါ်၍ "အမောင်အိမ်ရှေ့မင်း၊ ဝက်ကြီးရန်ကို အမြန်သွားရောက်နှိမ်နင်းပါလေ"ဟု မိန့်တော်မူလိုက်၏။

အိမ်ရှေ့မင်းလည်း "စိတ်ချတော်မူပါ အရှင်၊ ဤဝက်ကြီးကို နှိမ်နင်းမရသမျှ နေပြည်တော်သို့ ကျွန်ုပ် မပြန်"ဟု လျှောက်တင်သဖြင့် မင်းကြီးလည်း လွန်စွာအားရဝမ်းမြောက်တော်မူလေသည်။ ပြီးလျှင် အိမ်ရှေ့မင်းသည် လက်နက် လေး၊ မြားတို့ကို ဆောင်ယူ၍ နေပြည်တော်မှ တစ်ကိုယ်တည်း ထွက်ခဲ့သည်။

ဝက်ကြီးရှိရာသို့ ရောက်လတ်သော် ကြောက်ရွံ့ခြင်း အလျှင်းမရှိ။ မြားဖြင့် အကြိမ်ကြိမ် လွှတ်လေသည်။ ဝက်ကြီးလည်း ဘုန်းရှိသူဖြစ်၍ မနေဝံ့တော့ဘဲ အရှေ့ဘက်တောအရပ်သို့ ပြေးဝင်၏။ အိမ်ရှေ့မင်းလည်း နောက်မှ ခြေရာခံကာ လိုက်လေသည်။ တစ်ဖန် တောမှထွက်၍ တောင်ကြားတစ်ခုထဲသို့ ပြေးဝင်၏။ အိမ်ရှေ့မင်းလည်း တောင်ကြားထဲသို့ ဝင်၍လိုက်ပြန်လေသည်။

ဝက်ကြီးသည် ထိုအရပ်မှတစ်ဖန် ဧရာဝတီမြစ်ဆီသို့ ပြေး၏။ မြစ်ငယ်တစ်ခုကို ဖြတ်ကူးသည့်အခါ ဝမ်းပျဉ်းကိုမျှ ရေမစွတ်ဟုဆိုကြ၏။ ကြီးမားလှပေသည်။ အစဉ်အတိုင်း ဆက်လက်ပြေးပြန်သော် နောက်ဆုံး ယခု ပြည်မြို့တည်ရာအနီးရှိ ကျွန်းတစ်ခုပေါ်သို့ ရောက်သွား၏။

mgyoe.com


mgyoe.com


အိမ်ရှေ့မင်းလည်း နောက်မှ လိုက်မြဲလိုက်၏။ ကျွန်းပေါ်သို့ ရောက်လျှင် ဝက်ခြေရာကို တွေ့ရသဖြင့် အလစ်အလပ်ကို ကြည့်ကာ ချောင်းမြောင်းနေလေသည်။

မကြာမီ ဝက်ကြီးနှင့်ရင်ဆိုင်တွေ့၍ အနီးသို့ ကပ်မိ၏။ ယင်းသို့ကပ်မိသည်နှင့်တစ်ပြိုင်နက် လှံဖြင့် တစ်ခါတည်း ထိုးသတ်လိုက်လေသည်။ ထိုကျွန်းကို ယခုတိုင်အောင် "ဝက်ထိုးကျွန်း"ဟု ခေါ်ကြ၏။

အိမ်ရှေ့မင်းလည်း ဝက်ကြီးသေလျှင် အားရဝမ်းသာ ဝက်သေကောင်ကို ထမ်း၍ ပြန်ခဲ့လေသည်။ သို့ရာတွင် ဝက်သေကောင်မှာ ပုပ်လာသဖြင့် ဆက်လက်၍ မယူနိုင်တော့ဘဲ စွန့်ပစ်လိုက်ရ၏။

ထိုအခါမှ အိမ်ရှေ့မင်း၏ စိတ်တွင် ငါ ထွက်လာခဲ့သည်ကား



ရင်ဆိုင်တွေ့၍ အနားသို့ကပ်မိသည်နှင့်တစ်ပြိုင်နက်

mgyoe.com

mgyoe.com


ကြာချေပြီ။ ခရီးလည်း ကွာဝေးလှသေး၏။ ဝက်ကြီးသေကြောင်း လျှောက်စေကာမူ ယုံကြည်မည်မဟုတ်၊ ယုံကြည်စိမ့်သောငှာ ဝက်ကြီးကို ယူဆောင်၍ ပြန်၍လည်း မဖြစ်နိုင်။ ဤအချိန်အတွင်း မိဖုရားကြီးတွင် သားသမီးရှိခဲ့သော် အနှောင့်အယှက် ဖြစ်တန်ရာ၏။ ငါပြန်၍ မသင့်တော့ပြီဟု ဆင်ခြင်မိလေသည်။ သို့ဖြစ်၍ အနီးတစ်ဝိုက်ရှိ ပျူလူမျိုးတို့ကို အမှီပြုကာ ထိုအရပ်၌ပင် ရဟန်းပြု၍ ကျောင်းသခ်မ်းနှင့် နေလေတော့သတည်း။ ။

mgyoe.com

## တေပါး

ရှေးအခါက သရေခေတ္တရာ နေပြည်တော်တွင် မထင်ရှားသော သူဆင်းရဲတစ်ယောက် ရှိ၏။ ထိုသူဆင်းရဲသည် မိမိ၏ တစ်ယောက်တည်းသော သားငယ်ကို အရွယ်ရောက်လျှင် ဆရာရသေ့ထံအပ်၍ ပညာသင်ကြားစေလေသည်။

သူငယ်ကား ပညာကြိုးစား၏၊ လိမ္မာ၏၊ ဝတ္တရား ကျေပွန်၏။ သို့ကြောင့် ဆရာရသေ့သည် ထိုသူငယ်ကို လွန်စွာ ချစ်ခင်လေသည်။ တစ်နေ့သော် ကျောင်းတွင် ဆရာရသေ့ မွေးထားသော ကြက်ဖတစ်ကောင်သည် "ငါ့ဦးခေါင်းစား တေပါး မင်းဖြစ်လတ္တံ့" ဟု ထူးထူးဆန်းဆန်း တွန်၏။ နေ့တိုင်း ဤသို့တွန်သည်ကို ဆရာရသေ့ကြားရလျှင် "အံ့ဖွယ်ရှိပေစွ၊ သင်း တွန်တိုင်း မှန် မမှန်ကို သိအောင်ပြုအံ့"ဟု ကြံပြီးသော် သူငယ်အား "ဤကြက်ဖကို ဖမ်း၍ သတ်လေ"ဟု မိန့်တော်မူလိုက်လေသည်။ သူငယ်လည်း ဆရာကို ရိုသေသည်နှင့် ကြက်ဖကို ဖမ်း၍ သတ်၏။ ပြီးလျှင် ဆရာရသေ့ ဆိုသည့်အတိုင်း အိုးတစ်ခုဖြင့် ကျက်အောင်ချက်လေသည်။

ထိုသို့ ချက်နေစဉ် ကြက်ဦးခေါင်းသည် အိုးထဲမှ စဉ်ထွက်၍ ပြာထဲသို့ ကျသွား၏။ သူငယ်လည်း မသန့်တော့ပြီဟု ရေနှင့်ဆေး၍ စားလိုက်လေသည်။ ဟင်းကျက်၍ ဆရာရသေ့အား ကပ်သည့်

mgyoe.com

mgyoe.com




သူငယ်လည်း ဆရာကို ရိုသေသည်နှင့် ကြက်ဖကိုဖမ်း၍

အခါ ဦးခေါင်းကို မမြင်ရတော့ချေ။ ဆရာရသေ့က "ကြက် ဦးခေါင်း အဘယ်မှာနည်း" ဟု မေးလျှင် သူငယ်လည်း အမှန်အတိုင်း လျှောက်၏။ ဆရာရသေ့လည်း "သင်း တွန်တိုင်း မှန်မမှန် သိရစေတော့"ဟု သဘောထားကာ အသာနေလိုက်လေသည်။

ထိုနေ့မှစ၍ ဆရာရသေ့သည် သူငယ်အား အထူးထူးသော အတတ်တို့ကို သင်ကြားစေပြီးလျှင် အမတ်စစ်သူကြီးထံ အပ်ထား

mgyoe.com

mgyoe.com


၏။ အမတ်စစ်သူကြီးလည်း သားဟူသော အမှတ်ဖြင့် ထိုက်တန်သော အဝတ်တန်ဆာတို့ကိုလည်း ပေးလေသည်။ ထိုမှတစ်ပါး အစားအစာကောင်းတို့ကိုလည်း ကျွေး၏။ သွားလေရာလည်း မပြတ်ခေါ်၍သွား၏။ တစ်နေ့သောအခါ နန်းတော်သို့ခေါ်၍ သွားသည်တွင် သူငယ်၏ အရောင်အဆင်း အသွင်အပြင်အမူအရာကို မင်းကြီး မြင်တော်မူသည်နှင့် "အမတ်ကြီး ဤသူငယ်ကို ငါ့အား ပေးလော့။ ငါ သားကဲ့သို့ မွေးမြူတော်မူမည်" ဆိုကာ တောင်းယူလေသည်။ အမတ်စစ်သူကြီးလည်း ဝမ်းသာအားရနှင့် အပ်နှင်း၏။ သူငယ်ကား နန်းတွင်းသို့ရောက်လျှင် မင်းသားတို့ တတ်အပ်သော



သူငယ်၏ အရောင်အဆင်း အသွင်အပြင်အမူအရာကို
မင်းကြီးမြင်တော်မူလျှင်

mgyoe.com

mgyoe.com

အတတ်တို့ကို ကောင်းစွာလေ့လာ၏။ မင်းကြီးအပေါ်လည်း ခမည်းတော်ကဲ့သို့ ရှိသေစွာ လုပ်ကျွေး၏။ မင်းကြီးလည်း နှစ်သက်မြတ်နိုးတော်မူလှသဖြင့် အိမ်ရှေ့အပ်နှင်းထားတော်မူလေသည်။

ကာလကြာ၍ မင်းကြီးနတ်ရွာစံလေသော် မင်းကြီး၏ အရိုက်အရာဖြစ်သော ထီးနန်းကို ဆက်ခံစိုးစံရ၏။ မင်းအဖြစ်သို့ရောက်လျှင် ဆရာရသေ့ကို မင်းဆရာဟူသော အမှတ်ဖြင့် မပြတ် ကိုးကွယ်တော်မူလေသည်။ တိုင်းသူပြည်သားတို့ အပေါ်လည်း တရားနှင့်အညီ အုပ်စိုးတော်မူ၏။

ဒွတ္တပေါင်မင်းကြီး၏အဆက်အနွယ်မဟုတ်ဘဲ တစ်ပါးသောသူဆင်းရဲမျိုးမှ မင်းဖြစ်လာရသောကြောင့် ထိုမင်းကို "ငတပါးမင်း" ဟု ခေါ်ကြလေသည်။ ။

mgyoe.com

mgyoe.com


## ဥကြီးသုံးလုံး

နဂါးမင်းကြီး၏သမီး ဇံသီး အမည်ရှိသော နဂါးမကလေးသည် မန်လည်တောင်ယံသို့လာ၍ သီတင်းသီလစောင့်သုံးကာ နေ၏။ ထိုနဂါးမကလေးကို နေနတ်သား မြင်လျှင် မြတ်နိုးလှသည်နှင့် မပြတ် လာရောက်ဆက်ဆံ၏။ ရက်လကြာလတ်သော် တစ်ဦးနှင့် တစ်ဦး ချစ်ခင်ရင်းနှီးကြလေသည်။



နဂါးမလည်း ဝမ်းနည်းလှသည်နှင့် ဥကြီးသုံးလုံးကို ပစ်ထားခဲ့ပြီး

mgyoe.com

mgyoe.com


မကြာမီ နေနတ်သားလည်း မိမိနေရာသို့ ခေတ္တပြန်သွား၏။ ထိုအခိုက် သန္ဓေရလာသဖြင့် နဂါးမကလေးသည် ကျီးဖြူတစ်ကောင်ကို နေနတ်သားထံ စေလွှတ်ပြောကြားလေသည်။ နေနတ်သားလည်း ဝမ်းမြောက်လှသည်နှင့် အဖိုးများစွာထိုက်သော ကျောက်ကောင်းတစ်လုံးကို ထုပ်၍ ပေးလိုက်၏။ ကျီးဖြူလည်း ကျောက်ထုပ်ကို လည်မှာဆွဲလျက် ပျံခဲ့လေသည်။

ကုန်သည်တို့ စခန်းချရာအရပ်သို့ ရောက်လာ၏။ ထိုအချိန်တွင် ကုန်သည်တို့သည် ထမင်းကျန် ဟင်းကျန်များကို ကျေးငှက်တို့အား ဝေခြမ်းကျွေးမွေးလျက် ရှိလေသည်။ ကျီးဖြူလည်း အခြားငှက်များနှင့်အတူ ကောက်ယူစားသောက်လိုသဖြင့် ပါလာသော ကျောက်ထုပ်ကို သစ်ပင်ခွကြားတွင် ဝှက်ထားခဲ့ပြီးသော် အစာရှိရာသို့သွား၏။ ထိုသို့ ဝှက်ထားသည်ကို ကုန်သည်တစ်ယောက် မြင်လေလျှင် သစ်ပင်ပေါ်သို့ တက်၍ ကြည့်လေသည်။ အဖိုးများစွာ ထိုက်တန်သော ကျောက်ကောင်းမှန်း သိသဖြင့် ထိုကျောက်ကို ယူ၍ ချေးခြောက်တစ်ခုကို အစားထည့်ထားခဲ့၏။ ကျီးဖြူလည်း အစာဝလျှင် မိမိဝှက်ထားသော ကျောက်ထုပ်ကို ချီယူ၍ နဂါးမရှိရာသို့ ပြန်လာလေသည်။

နဂါးမသည် အထုပ်ကိုမြင်လျှင် ဝမ်းမြောက်ဝမ်းသာနှင့် ဖြေ၍ကြည့်၏။ ချေးခြောက်မှန်း သိသည့်အခါ ဝမ်းနည်းလှသည်နှင့် ဥကြီး သုံးလုံးကို ပစ်ထားခဲ့ပြီး မိမိနေရပ်သို့ ပြန်သွားလေသည်။ အချိန်ကား မိုးရာသီဖြစ်၍ မြစ်၊ ချောင်း၊ ရေကန်ရှိသမျှတွင် ရေများ ပြည့်လျှံနေတော့၏။ ထိုအချိန်တွင် တောလိုက်မုဆိုးတစ်ယောက်သည် ဤနေရာသို့ ရောက်လာ၍ ဥကြီးများကို တွေ့လေသည်။

mgyoe.com

mgyoe.com




သူဆင်းရဲလင်မယားတို့လည်း ထူးဆန်းလှ၏ဟု ဝမ်းသာအားရ

တစ်လုံးမှာ အနီ၊ တစ်လုံးမှာ အညို၊ ကျန်တစ်လုံးမှာ အဖြူရောင် ဖြစ်၏။ မုဆိုးလည်း အားရဝမ်းသာနှင့် ထိုဥကြီးများကို ယူခဲ့လေသည်။

ချောင်းတစ်ခုကိုဖြတ်ကူးသည့်အခါ ဥနီကြီးသည် မုဆိုးလက်မှ လွတ်ထွက်၍ ပျောပါသွား၏။ မိုးကုတ်မြို့တည်ရာသို့ ရောက်လျှင် ကျောက်တုံးတစ်ခုနှင့်တိုက်မိသဖြင့် ကွဲ၍ ကျောက်နီများ ဖြစ်သွားလေသည်။

ထိုနည်းတူ အခြားနေရာသို့ ရောက်ပြန်လျှင် ဥညိုကြီးလည်း မျောပါ ပေါက်ကွဲ၍ မိန်းမရတနာတစ်ဦး ဖြစ်သွား၏။ အရွယ်ရောက်လျှင် ထိုမိန်းမမှာ တကောင်းမင်းကြီး၏ မိဖုရားကြီး ဖြစ်လာလေသည်။ ကျန်ဥဖြူကြီးလည်း ယခင်ဥများကဲ့သို့ပင် မုဆိုး

mgyoe.com

mgyoe.com


လက်မှ လွတ်ထွက်၍ ဧရာဝတီ မြစ်ရေထဲသို့ မျောပါသွားပြန်၏။

ဥဖြူကြီးကား အစဉ်အတိုင်းမျော၍ ပုဂံမြို့နားသို့ ရောက်လေသည်။ ထိုအချိန် ရေဆိပ်သို့ ဆင်းလာသော သူဆင်းရဲ လင်မယားတို့သည် ဥကြီးကိုမြင်လျှင် ထူးဆန်းလှ၏ဟု ဝမ်းသာအားရ ဆယ်ယူကြ၏။


နေ့လစေ့လတ်သော် ထိုဥကြီးမှ သားယောကျ်ားကလေး တစ်ယောက် ပေါက်ဖွားလာလေသည်။ သူဆင်းရဲလင်မယားတို့လည်း သားဟူသော အမှတ်ဖြင့် ကောင်းစွာ မွေးမြူပြုစုထားကြ၏။ ထိုသူငယ်ကား နေနတ်မင်း၏ သားဖြစ်သည်နှင့် နောင်အခါ မြန်မာတို့သမိုင်းတွင် ထင်ရှားကျော်စောသော ပျူစောထီးခေါ် မင်းတစ်ပါး ဖြစ်လာပေသတည်း။ ။

mgyoe.com

mgyoe.com


# ကျွမ်အပ်သား

ရှေးအခါက ဟံသာဝတီပြည်၌ မင်းညီနောင်နှစ်ပါး ရှိလေသည်။ နောင်တော် သမလသည် ညီတော် ဝိမလအား မိမိ အရိုက်အရာကို ဆက်ခံစေမည်ဟု ကတိပေးပြီးလျှင် တက္ကသိုလ်ပြည်သို့ ပညာသင် စေလွှတ်၏။ ထိုအချိန်တွင် ဟံသာဝတီ နေပြည်တော်နှင့် ကွာဝေး



ကျွမ်အပ်သားသည် ကျွဲများနှင့်ပင် ကစားရတော့၏

mgyoe.com

mgyoe.com



သော ရွာတစ်ရွာ၌ တောင်ယာအလုပ်ဖြင့် အသက်မွေးမြူသော သူအိုလင်မယားတို့ နေထိုင်ကြလေသည်။ ၎င်းတို့တွင် အဆင်း အင်္ဂါနှင့် ပြည့်စုံသော သမီးကလေးတစ်ယောက်ရှိ၏။ ထို သတို့ သမီးငယ်၏ အကြောင်းကို သမလမင်း ကြားသိတော်မူလျှင် ကောက်ယူ၍ မိဖုရား တင်မြှောက်လေသည်။ နှစ်ကာလ ကြာ လတ်သော် မိဖုရားအပေါ် ချစ်မြတ်နိုးလှသဖြင့် မိမိ ညီတော်ကိုပင် အမှတ်မရသကဲ့သို့ ရှိနေတော့သည်။

ထိုအချိန်အတွင်း ဝိမလမင်းသားလည်း ပညာတတ်မြောက် သည်နှင့် ဆရာကိုကန်တော့၍ ဟံသာဝတီ နေပြည်တော်သို့ ပြန်ခဲ့ လေသည်။ နေပြည်တော်သို့ရောက်သည့်အခါ နောင်တော်က မိမိ အပေါ် ယခင်ကကဲ့သို့ မဟုတ်ဘဲ မေ့မေ့လျော့လျော့ရှိနေသည်ကို တွေ့ရ၏။ တစ်ဖန် မူလထားခဲ့သော ကတိကိုလည်း ဂရုမမူဘဲနေ သည်ကို တွေ့ရပြန်လေသည်။ ညီတော်လည်း မကျေနပ်၍ မိမိ နောင်တော်ကို တော်လှန်အံ့ဟု နေပြည်တော်မှထွက်ကာ လူသူ စုရုံးပြီးလျှင် နောင်တော်ကို တိုက်၏။ နောင်တော်လည်း အရေးနိမ့် သဖြင့် စစ်ပွဲတွင် ကျဆုံးသွားလေသည်။ ထိုအချိန်တွင် နောင်တော် သမလမင်း၏ မိဖုရားကြီးမှာ သားတော်တစ်ပါး ဖွားမြင်ပြီး ဖြစ်ခဲ့ ၏။ ညီတော် ဝိမလသည် နောင် ဘေးရန် မရှိစေရအောင် နောင် တော်၏သားကိုပါ သတ်ပစ်ရန် စီမံတော်မူပြန်လေသည်။

ထိုအကြောင်းကို သိလျှင် မိဖုရားသည် မင်းစေလုလင်တို့နှင့် ပူးပေါင်း၍ သားတော်ကလေးကို အသက်ဘေးမှ ချမ်းသာရအောင် မြစ်တစ်ဖက်ကမ်းသို့ သွားပစ်စေ၏။ လုလင်တို့လည်း မိဖုရားကြီး စီမံသည့်အတိုင်း ထိုမင်းသားကလေးကို တိတ်တဆိတ် ဆောင်

mgyoe.com

mgyoe.com

နောက်သို့လှည့်ကြည့်လိုက်စဉ် ကွမ်းအပ်သားသည်

ယူ၍ မိန်းမအိုကြီးတစ်ယောက်၏ ကွဲခြံဝတွင် ပစ်ထားခဲ့ကြလေသည်။ နံနက်လင်း၍ ကျွဲများ ခြံမှထွက်သည့်အခါ နတ်တို့စောင်မသဖြင့် ရှေ့ဆုံးမှ ကျွဲမကြီးသည် အခြားကျွဲများ သွားပြီးသည့်တိုင်အောင် ကလေးကို ခွ၍ရပ်နေ၏။ ထိုသို့ ကျွဲမကြီး စောင့်ရှောက်သဖြင့် ကလေးမှာ အသက်ချမ်းသာရာရလေသည်။ ကလေးကို ကျွဲရှင် မိန်းမကြီးတွေ့လျှင် ကောက်ယူ၍ သားဟူသော အမှတ်

mgyoe.com

mgyoe.com


ဖြင့် ကောင်းစွာစောင့်ရှောက်မွေးမြူထား၏။ အရွယ်ရောက်လတ်သော် ကွမ်အပ်သားဟု အမည်ပေးထားလေသည်။

ကွမ်အပ်သားမှာ နေ့စဉ် တောသို့သွား၍ မိခင်အိုကြီး၏ ကျွဲများကို တစ်နေကုန် ထိန်းကျောင်းနေရ၏။ သို့ဖြစ်၍ တိရစ္ဆာန်များကဲ့သို့ ရိုင်းရိုင်းစိုင်းစိုင်း ဖြစ်နေလေသည်။ ခုန်ပေါက်ပြေးလွှားကစားသည့်အခါ၌လည်း ထိုကျွဲများနှင့်ပင် ကစားရ၏။ ထို့ကြောင့် လျင်မြန်ဖျတ်လတ်ခြင်း၊ ထွားကျိုင်းသန်မာခြင်း ရှိလှသည့်ပြင် ရဲစွမ်းသတ္တိနှင့်လည်း ပြည့်စုံလှပေသည်။

ဤအတောအတွင်း တိုင်းတစ်ပါးသားတို့သည် ဟံသာဝတီကို ရယူလိုသဖြင့် သင်္ဘောနှင့်ဆိုက်လာ၏။ ထိုသူတို့က မြန်မာတို့နှင့် သူရဲကောင်းချင်း တိုက်ခိုက်လိုသည်ဟု အရေးဆိုကြလေသည်။ ဘုရင်မင်းမြတ်လည်း တစ်နိုင်ငံမှ သူရဲကောင်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် သူရဲကောင်းတစ်ယောက်လိုသဖြင့် ထောက်လှမ်းမေးမြန်းကာ နေ၏။ ထိုအခိုက် ကွမ်အပ်သား၏အကြောင်းကို မုဆိုးတစ်ယောက်က တင်လျှောက်သဖြင့် ကြားသိရလေသည်။ မင်းကြီးလည်း ကွမ်အပ်သားကို မရ ရအောင် ခေါ်စေ၍ မင်းညီမင်းသားကဲ့သို့ ဝတ်စားဆင်ယင်ပေးပြီးလျှင် နိုင်ငံခြားသူရဲကောင်းနှင့် တိုက်စေ၏။

တိုင်းတစ်ပါးက သူရဲကောင်းမှာ အရပ် ၇ ပေမျှ ရှိသည်ဖြစ်၍ ငှက်ပျောရွက်ခန့်ရှိသော လှံကြီးကိုကိုင်ကာ ထွက်လာလေသည်။ ကွမ်အပ်သားလည်း ပါးနပ်လိမ္မာသူဖြစ်သဖြင့် "တစ်ယောက်ချင်းတိုက်အံ့ဟု သင်ဆိုပြီး အဘယ်ကြောင့် နောက်က အဖော်ခေါ်လာရသနည်း"ဟု အမှတ်မဲ့ ဆိုလိုက်၏။ သူရဲကောင်းလည်း အကယ်

mgyoe.com

mgyoe.com

မှတ်၍ နောက်သို့ လှည့်ကြည့်လိုက်စဉ် ကွမ်းအပ်သားသည် ရုတ်တရက် လှံဖြင့် တအားပစ်ထိုးလိုက်လေသည်။ ထိုသို့ ထိုးသဖြင့် လဲကျ၍ နေရာ၌ပင် သေဆုံးသွား၏။ နိုင်ငံခြားသားတို့မှာ အရေးရှုံးနိမ့်သည့်အတွက် ဟံသာဝတီမှ ပြန်သွားကြရလေသည်။

မင်းကြီးလည်း ဝမ်းမြောက်တော်မူလှသည်နှင့် ကွမ်းအပ်သား၏ အမျိုးအမည် နေရပ်တို့ကို စစ်မေးတော်မူ၏။ နောက်ဆုံး မိမိတူတော်ဖြစ်နေကြောင်း သိရလျှင် ဝမ်းမြောက်ဝမ်းသာ နေပြည်တော်သို့ ခေါ်ဆောင်၍ ကောင်းစွာ ချီးမြှင့်မြှောက်စားထားတော်မူလေသတည်း။ ။

mgyoe.com

mgyoe.com



## သော်လျင်

ရှေးအခါက ရွာတစ်ရွာတွင် သူအိုလင်မယားတို့သည် သူတို့၏ သားကလေးတစ်ယောက်နှင့်အတူ စားသောက် နေထိုင်ကြလေသည်။ သားကလေး၏ အမည်မှာ သော်လျင်တည်း။ သော်လျင်ကား အရွယ်နှင့် မလိုက်အောင် အစားကြီးလှသည်။ မိဘများ စားဖို့ပင် ကျန်သည်မရှိချေ။ သို့ဖြစ်၍ မွေးမြူရန် မတတ်နိုင်လောက်အောင် ဖြစ်နေကြလေသည်။ နောက်ဆုံး သားပင် ဖြစ်စေကာမူ မလွှဲသာသည်နှင့် မိဘများလည်း စွန့်ပစ်ရန် ကြံစည်ကြရတော့၏။

ပထမဦးစွာ ဖခင်အိုကြီးသည် ထင်းခုတ်ထွက်လိုဟန်ဖြင့် သော်လျင်ကို တောသို့ ခေါ်ဆောင်သွားလေသည်။ တောနက်ရာ အရပ်သို့ရောက်လျှင် "ငါ ပြန်လာအောင် ဤနေရာ၌ပင် စောင့်နေတော့"ဟု မှာကြား၍ တိတ်တဆိတ် ပြန်ခဲ့၏။ သူ၏ စိတ်၌ကား ထိုသို့ထားခဲ့လျှင် ပြန်လာနိုင်တော့မည်မဟုတ်ဟု ယူဆမိလေသည်။ သော်လျင်လည်း မိမိဖခင် ပြန်လာနိုးနိုးနှင့် နေဝင်သည့်တိုင်အောင် ထားခဲ့သောနေရာ၌ပင် စောင့်နေ၏။ ညအချိန်ရောက်လတ်သော် တောထဲမှ ထွက်လာသော ကျားကြီးတစ်ကောင်ကို ရုတ်တရက် တွေ့မြင်ရလေသည်။ သော်လျင်မှာ ထိုကျားကြီးကို

mgyoe.com

mgyoe.com

သော်လျင်လည်း ကျားကြီးကိုစီးပြီးလျှင် ရွာသို့

မြင်ရလျှင် အနည်းငယ်မျှ ကြောက်ရွံ့ထိတ်လန့် ခြင်းမရှိဘဲ ပြေး၍ ကျောပေါ်သို့ ခွစီးလိုက်၏။

ထိုသို့ စီးပြီးလျှင် ရွာအထိ ပြန်လာခဲ့လေသည်။ ရွာသူ ရွာသားတို့လည်း ပြော၍ မပြနိုင်လောက်အောင်ပင် ထိတ်လန့် အံ့ဩခြင်း ဖြစ်နေကြ၏။ အိမ်ရှေ့သို့ ရောက်သည့်အခါမှ သော်လျင်လည်း အသာကလေး ဆင်း၍ ကျားကြီးကို မောင်းထုတ်လိုက်လေသည်။ ပြီးသော် အိမ်ထဲသို့ဝင်၍ မိခင်ထံ ပြေးသွား၏။ သူ၏

mgyoe.com

mgyoe.com

ဖခင်ကား စိတ်ပျက်ပျက်နှင့်ပင် နောက်ထပ် မည်သို့ပြုရအံ့နည်းဟု ကြံစည်စိတ်ကူးနေလေသည်။

တစ်နေ့သော် သေံလျင်ကို ခေါ်၍ တောသို့ တစ်ဖန် သွားပြန်၏။ တောထဲသို့ ရောက်သည့်အခါ သစ်ပင်ကြီးတစ်ပင်ကို ခုတ်လှဲ၍ သစ်ပင်ပိ သေအောင် သစ်ပင်လဲမည့်ဘက်မှ ရပ်နေရန် မှာထားပြန်လေသည်။ သစ်ပင်ကြီး လဲကျသွားသော် လှည့်၍မျှ မကြည့်တော့ဘဲ အိမ်သို့ အလျင်အမြန် ပြန်ခဲ့၏။

သေံလျင်မှာ သစ်ပင်ပိ၍ မသေ၊ လဲကျသော သစ်လုံးကြီးကို ကျောပိုး၍ တောထဲမှ အိမ်သို့ ယူလာခဲ့ပြန်လေသည်။ ရွာသူရွာသားတို့လည်း အံ့သြနေကြရပြန်၏။

ဤနည်းဖြင့် မသေပြန်လျှင် သူ့ဖခင်လည်း တစ်မျိုးပြီး တစ်မျိုး အကြံထုတ်ပြန်လေသည်။ သေံလျင်လည်း ကြံတိုင်း ကြံတိုင်းပင် လွတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့၏။ ထိုအဖြစ်အပျက်တို့ကို ဘုရင်မင်းမြတ် ကြားလတ်သော် ထူးဆန်းလှ၏ဟု သေံလျင်ကို ရှေ့တော်သို့ ခေါ်စေလေသည်။ ရောက်လျှင် ကိုယ်တော်တိုင် စမ်းသပ်လိုသည်နှင့် မိုင်ပေါင်းများစွာဝေးကွာသော တိုင်းပြည်တစ်ပြည်သို့ "ဤသဝဏ်လွှာကို ပေးပို့ချေ၊ ထမင်းအိုးတစ်လုံး မကျက်မီ ပြန်မလာနိုင်က သင့်အသက်ကို အဆုံးစီရင်အံ့"ဟု မိန့်တော်မူလိုက်၏။

သေံလျင်လည်း ချက်ချင်း သဝဏ်လွှာကိုယူ၍ ထွက်သွားပြီးလျှင် ထမင်းအိုးတစ်လုံး မကျက်မီ ပြန်လာခဲ့လေသည်။ဘုရင်မင်းမြတ်နှင့် မှူးမတ်တို့မှာ မယုံကြည်နိုင်လောက်အောင် ဖြစ်နေကြသဖြင့် "သင် ရောက်သည်၊ မရောက်သည်ကို မည်သို့ သိနိုင်ပါ

mgyoe.com

mgyoe.com


မည်နည်း"ဟု မေး၏။ ထိုအခါ သေံလျှင်လည်း မိမိရောက်သော တိုင်းပြည်က ပေးလိုက်သည့် ပြန်ကြားစာကို ထုတ်၍ပြလေသည်။ အားလုံး အံ့သြနေကြရကုန်၏။ ဘုရင်မင်းမြတ်လည်း သေံလျှင်အား အလားတူ ခက်ခဲသော အလုပ်တို့ကို တစ်ခုပြီးတစ်ခု ခိုင်းပြန်လေသည်။ သေံလျှင်အဖို့မှာ မည်သည့်အလုပ်မျှ ခက်ခဲသည် မရှိ။ ခိုင်းသမျှ အလွယ်နှင့်ချည်း ပြီးမြောက်၏။ သို့ဖြစ်သည်နှင့် သေံလျှင်ကို ကောင်းစွာ စောင့်ရှောက်မွေးမြူထားလေသည်။

မကြာမီ ဘုရင်မင်းမြတ် နတ်ရွာစံလွန်တော်မူလတ်သော် မှူးမတ်တို့လည်း သားသမီးအဆက်အခံ မရှိသဖြင့် သေံလျှင်ကို မင်းမြှောက်ကြရလေကုန်၏။ ။

mgyoe.com

mgyoe.com


## ပုဂံညှပ်ကြီး

ရှေးအခါက ပုဂံနေပြည်တော်တွင် ဘုရားစေတီ အမြောက်အမြား ရှိခဲ့၏။ ထိုဘုရားစေတီများအနက် ဘုရားတစ်ဆူတွင် ညှပ်ကြီး တစ်ခုရှိလေသည်။ အမှုအခင်း အငြင်းအခုံ တစ်စုံတစ်ရာ ဖြစ် လတ်သော် ထိုညှပ်ကြီးထဲသို့ လက်လျှို၍ အမှန်ဆိုရ၏။ အကယ်



တောင်ဝှေးကို ကုန်သည်အား ခေတ္တအပ်ထားပြီးလျှင်

mgyoe.com

mgyoe.com


၍ အမှန်မဆိုခဲ့လျှင် ညှပ်ကြီးသည် လျှိုထားသော လက်ကို ပြတ်အောင် ညှပ်တတ်လေသည်။ ထိုကြောင့် မည်သူမျှ လိမ်လည်ခြင်း မပြုဝံ့ကြချေ။ တစ်တိုင်းတစ်ပြည်လုံး အဆုံးအဖြတ် မပေးနိုင်သော အမှုအခင်းမှန်သမျှကို ဤညှပ်ကြီးကပင် ဆုံးဖြတ်ပေးနေသည်ဟု အဆိုရှိ၏။

ထိုအချိန်တွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၌ ဘဏ္ဍာစိုး ဖိုးသူတော်တစ်ယောက် ရှိလေသည်။ ဘုန်းကြီးကို ဆည်းကပ်ကိုးကွယ်နေကြသော ဒကာတို့လည်း ဖိုးသူတော်ကို အလွန် ယုံကြည်ကြကုန်၏။ ဘုန်းကြီး၏ ဒကာတစ်ဦးဖြစ်သော ကုန်သည်တစ်ယောက်မှာကား ပို၍ပင် ယုံကြည်ခြင်း ရှိလေသည်။

တစ်နေ့သော် အရပ်တစ်ပါးသို့သွားလိုသည်နှင့် ထိုကုန်သည်က မိမိပိုင် ရွှေတစ်ပိဿာကို ဖိုးသူတော်အား သေချာစွာ အပ်နှံထားခဲ့၏။ ဖိုးသူတော်လည်း ထိုရွှေကို လိုချင်တပ်မက်သဖြင့် ကုန်သည်ပြန်လာသည့်အခါ လိမ်လည်ပြောဆိုရန် ကြံစည်နေလေသည်။ ဤသို့ဖြင့် အကြံကောင်းတစ်ခု ရလာ၏။ ကြံပုံကား ဖိုးသူတော်သည် အမြဲကိုင်စွဲနေသော တောင်ဝှေးကို အခေါင်းဖြစ်အောင် ထွင်းပြီးလျှင် ရွှေတစ်ပိဿာကို အရည်ကျို၍ လောင်းထည့်ထားလေသည်။ ထိုနောက်မှ မမြင်သာအောင် ပိတ်ဆို့ထား၏ ။

ရက်လကြာလတ်သော် ကုန်သည်လည်း ပုဂံမြို့သို့ ပြန်ရောက်လာလေသည်။ ရောက်လျှင်ရောက်ချင်း ဖိုးသူတော်ထံ မိမိအပ်နှံထားသော ရွှေတစ်ပိဿာကို ပြန်တောင်း၏။ ဤသို့ တောင်းသည့်အခါ ဖိုးသူတော်က ထိုရွှေကို ပြန်ပေးပြီးကြောင်း ငြင်းဆို

mgyoe.com

လေသည်။

အငြင်းအခုံဖြစ်နေသဖြင့် ကုန်သည်နှင့် ဖိုးသူတော်တို့သည် အဆုံးအဖြတ်ခံရန် ညှပ်ကြီးရှိရာသို့ သွားကြရ၏။ ထိုသတင်းကို ကြားသိလတ်သော် တိုင်းသူပြည်သားတို့လည်း အမှန်အတိုင်း သိမြင်လိုသဖြင့် စုရုံးလာရောက်ကြလေသည်။

ရှေးဦးစွာ ကုန်သည်က မိမိလက်ကို ညှပ်ကြီးထဲသို့ သွင်းပြီးလျှင် "ကျွန်ုပ် အရပ်တစ်ပါးသို့ မသွားမီ ရွှေတစ်ပိဿာကို ဖိုးသူတော်ထံ အပ်နှံခဲ့ပါသည်၊ ယခုအချိန်ထိ ပြန်မရသေးပါ၊ ကျွန်ုပ်ဆိုသည့်အတိုင်း မမှန်လျှင် ကျွန်ုပ်လက်ကို ညှပ်ပါစေသား" ဟု အဓိဋ္ဌာန်ပြု၏။ ညှပ်ကြီးကား တစ်စုံတစ်ရာ လှုပ်ရှားခြင်း မရှိချေ။ သို့ဖြစ်၍ အမှန်အတိုင်း ဆိုပေသည်ဟု ထင်မြင်သဖြင့် ဖိုးသူတော် အပေါ် သံသယဖြစ်လာကြ၏။

ထိုနောက် ဖိုးသူတော်အလှည့် ရောက်သောအခါ ဖိုးသူတော်က "ကျွန်ုပ် အဓိဋ္ဌာန် ပြုလို၍ ဤတောင်ဝှေးကို ခေတ္တကိုင်ထားပေးစမ်းပါ"ဟု ပြောဆိုပြီး ကုန်သည်အား အပ်ထားလေသည်။ ကုန်သည်လည်း တစ်စုံတစ်ရာ ယုံမှားသံသယ မရှိသဖြင့် တောင်ဝှေးကို လက်ခံယူထားလိုက်၏။

ထိုအခိုက် ဖိုးသူတော်သည် ညှပ်ကြီးထဲသို့ အသာ လက်လျှို၍ "ဤကုန်သည်က ကျွန်ုပ်အား ယုံကြည်သဖြင့် ရွှေတစ်ပိဿာ အပ်ထားခဲ့ပါသည်၊ ထိုရွှေကို ကျွန်ုပ် ပြန်ပေးလိုက်ပါပြီ၊ သို့ဖြစ်၍ သူ့ထံ၌သာ ရွှေရှိပါသည်။ အကျွန်ုပ်ထံ၌ မရှိတော့ပါ၊ ကျွန်ုပ်ဆိုသော စကား မမှန်လျှင် ကျွန်ုပ်လက်ကို ညှပ်ပါစေသား"ဟု အဓိဋ္ဌာန် ပြုလိုက်၏။ ညှပ်ကြီးကား ရှေးနည်းတူပင် လှုပ်ရှားခြင်းမရှိ ဖြစ်

mgyoe.com

mgyoe.com


နေလေသည်။

လူအများလည်း အံ့အားသင့်နေကြ၏။ ၎င်းတို့ အထင်အား ဖြင့် တစ်ဦးဦးက လိမ်လည်ခြင်း ဖြစ်ရမည်။ ယခုသော် ဘာမျှ မလှုပ်ရှား၊ အမှားနှင့် အမှန်ကို ဤညှပ်ကြီး မဆုံးဖြတ်နိုင်။ နောင် အသုံးကျတော့မည် မဟုတ်ဟု ပြောင်လှောင် ပြောဆိုကာ ထွက်ဆို သွားကြလေသည်။

အမှုမှာ ဤနည်းဖြင့် ပြီးပြတ်ခြင်း မရှိသည့်အတွက် ခုံရုံးသို့ ရောက်သွား၏။ တရားသူကြီးလည်း အမျိုးမျိုးအဖုံဖုံ ထောက်လှမ်း စစ်ဆေးပြီးသော် အမှန်အတိုင်း တွေးမိလေသည်။ ထိုသို့ တွေးမိ သဖြင့် တောင်ဝှေးကို ယူ၍ ခွဲကြည့်သည့်အခါ ရွှေတစ်ပိဿာကို တွေ့ရ၏။ ဖိုးသူတော်လည်း မငြင်းနိုင်သဖြင့် အမှန်အတိုင်း ဝန်ခံ၍ ကုန်သည်အား ရွှေတစ်ပိဿာကို ပြန်ပေးလိုက်ရလေသည်။

ထိုအချိန်မှ အစပြု၍ ညှပ်ကြီး၏ အဆုံးအဖြတ်ကို ယုံကြည် အားကိုးခြင်း မရှိကြတော့ချေ။

ပုဂံမြို့သို့ သင်တို့ သွားရောက်နိုင်ခဲ့လျှင် ယခုတိုင် ညှပ်ကြီး ဘုရားဟူ၍ အထင်အရှား ဖူးတွေ့ကြရပေလိမ့်ဦးမည်။ ။

mgyoe.com

mgyoe.com



## ဆင်းရဲသားမင်း

ရှေးရှေးက စလေအရပ်တွင် အလွန်ဆင်းရဲနွမ်းပါးလှသော သူဆင်းရဲလင်မယားနှစ်ယောက် ရှိလေသည်။ သူတို့တွင် ငခွေးဟု ခေါ်သည့် သားကလေးတစ်ယောက် ရှိ၏။ မိဘတို့မှာ ဆင်းရဲလှသည်ဖြစ်သောကြောင့် ထိုကလေးကို လူလားမြောက်အောင် မမွေးမြူနိုင်။ သို့ဖြစ်၍ သူကြွယ်တစ်ဦးထံ သွား၍ ရောင်းစားလေသည်။ ငခွေးကား သူဆင်းရဲ၏ သားသမီးပင်ဖြစ်စေကာမူ သန့်သန့်ပြန့်ပြန့် နေထိုင်တတ်၏။ အဝတ်ကောင်း အစားကောင်းကို ချစ်၏။ အလှအပကို နှစ်သက်၏။

အရွယ်ရောက်လတ်သော် သူ့အရှင် သူကြွယ်လည်း ကုန်သည်တို့နှင့် ငခွေးကို ပုဂံသို့ လှေထိုးထည့်လိုက်လေသည်။ အရှင့်အလိုအတိုင်း လှေနှင့်လိုက်သွားရာ ပုဂံသို့မရောက်မီ တစ်ညတွင် သူ့ဝမ်းထဲမှ အူများ အပြင်သို့ထွက်၍ ပုဂံမြို့ကြီးကို ခုနစ်ပတ်ရစ်ပတ်နေသည်ဟု အထင်အရှား အိပ်မက်မြင်မက်၏။ ငခွေးလည်း အိပ်မက်မှာ ကြီးကျယ်လှသည်ဖြစ်သောကြောင့် မည်သူ့ကိုမျှ မပြော၊ လှေကိုသာ ထိုးမြဲထိုး၍ ဆန်တက်ခဲ့လေသည်။ တစ်ခါသော် သူ၏ထိုးဝါးတွင် ရွှေလင်ပန်း ခုနစ်ချပ် ငြိပါလာ၏။ ငခွေးကား ရွှေလင်ပန်းများကို မစုံမက်၊ ဤမျှနှင့် ကျိန်းကျေလေတော့

mgyoe.com

mgyoe.com

ငခွေးလည်း ရွှေလင်ပန်းများကို ရေထဲသို့ ကန်ချပစ်ခဲ့လေသည်

မည်ဟု ရေထဲသို့သာ တစ်ခါတည်း ကန်ချပစ်ခဲ့လေသည်။

ပုဂံသို့ရောက်လျှင် မင်းဆရာဖြစ်သော ပုရောဟိတ်အိမ်သို့ တန်းတန်းမတ်မတ်သွား၏။ ပုရောဟိတ်ပုဏ္ဏားကြီးကား အိမ်၌ မရှိချေ။ ပုဏ္ဏေးမကြီးကိုသာ တွေ့ရသဖြင့် မိမိ အိပ်မက်ကို ဖတ်စေ၏။ ပုဏ္ဏေးမကြီးလည်း ထိုအိပ်မက်အလိုသော် ဘုန်းကြီးလိမ့်မည်။ အသက်ရှည်လိမ့်မည်ဟု သာမန်မျှသာ ဖတ်လိုက်လေ

mgyoe.com

mgyoe.com


သည်။ ငခွေးလည်း ထူးထူးခြားခြား မရှိလှသောကြောင့် စိတ်ပျက်ပျက်နှင့် အိမ်မှဆင်း၍ ပြန်ခဲ့၏။

ထိုခဏ၌ မင်းဆရာ ပုရောဟိတ် ပုဏ္ဏားကြီးလည်း အိမ်သို့ ပြန်ရောက်လာလေသည်။ "ငါ မရှိခိုက် အဘယ်သူလာသနည်း" ဟု ပုဏ္ဏေးမကြီးကို မေး၏။ ပုဏ္ဏေးမကြီးက လုလင်ပျို့တစ်ယောက်လာ၍ မေးသောကြောင့် ဤသို့ ဟောလိုက်သည်ဟု ပြန်ပြောလျှင် ပုရောဟိတ် ပုဏ္ဏားကြီးလည်း ချက်ချင်းနေရာမှထ၍ ပုဏ္ဏေးမကြီး၏ ဆံထုံးကို လှီးဖြတ်ပြီး အိမ်ပြင်သို့ ပစ်ချလိုက်လေသည်။

ထိုခဏ၌ပင် ဆံထုံးကို မိုးကြိုးပစ်ချလိုက်၏။ နောက်မှ လုလင်ပျို့ကို လိုက်၍ ခေါ်စေပြီးလျှင် "အမောင်၏အမည်ကား အဘယ်နည်း၊ အဘယ်သူ၏ အမျိုးအနွယ်နည်း၊ အဘယ်သို့ အိပ်မက်မြင်မက်သနည်း"ဟု မေး၏။ ငခွေးလည်း အလုံးစုံ ပြန်ကြား ဖြေဆိုလေသည်။ နောက်မှ ပုရောဟိတ်ပုဏ္ဏားကြီးက "အမောင်၏အိပ်မက်ကား ကောင်းလှသည်၊ သီတင်းသီလ ဆောက်တည်ပါ၊ မကြာမီ ပုဂံပြည်ကြီးကို အစိုးရသောမင်း ဖြစ်လတ္တံ့"ဟု အတပ်ဟောလိုက်၏။

ငခွေးလည်း ဆရာကို ကန်တော့၍ ဝမ်းမြောက်ဝမ်းသာ မိမိ နေရင်းဒေသဖြစ်သော စလေသို့ ပြန်ခဲ့လေသည်။ ရောက်လျှင် သူကြွယ်အိမ်မှ ထွက်၍ မင်းကြီးထံ ဝင်ရောက်ခစား၏။ မင်းကြီးလည်း အသွင်အပြင်ကို မြင်၍ သနားလှသည်နှင့် မြင်းခံထည့်တော်မူလိုက်လေသည်။

ထိုမင်းသည် မြင်းကို ချစ်တတ်၍ မောင်းမငယ်တစ်ယောက်

mgyoe.com

mgyoe.com


နှင့် မြင်းတင်းကုပ်သို့ မပြတ်လာလေ့ရှိ၏။ ငွေးလည်း ရက်လကြာသော် မောင်းမငယ်နှင့် အကျွမ်းဝင်လေသည်။ သို့ဖြစ်၍ မင်းကြီးကို လုပ်ကြံရန် အခွင့်သာခဲ့၏။ တစ်နေ့သော် မင်းကြီး မြင်းတင်းကုပ်သို့ လာခိုက် မောင်းမငယ်နှင့်တိုင်ပင်၍ မင်းကြီးကို လုပ်ကြံလေသည်။ အောင်မြင်လျှင် မိဖုရားမောင်းမတို့ အလိုတူသည်ဖြစ်၍ ပုဂံထီးနန်းကို စိုးစံရလေသတည်း။ ။

mgyoe.com

mgyoe.com


## တောင်သူကြီး

ပုဂံပြည်တွင် သိန်းခိုအမည်ရှိသော မင်းတစ်ပါး စိုးစံခဲ့ဖူးလေသည်။ ထိုမင်းသည် မကြာခဏ တောကစားထွက်လေ့ရှိ၏။ တစ်နေ့သော် မြင်းခံနှင့်အတူ တောကစား ထွက်တော်မူလေသည်။ တောထဲသို့ရောက်၍ သမင်တစ်ကောင်ကို မြင်လျှင် မြင်းနှင့်လိုက်၏။ သမင်လည်း ကြောက်လှ၍ လျင်မြန်စွာ ပြေးလေသည်။ မင်းကြီးလည်း နောက်မှ အတင်းလိုက်၏။ သို့ရာတွင် သမင်ကို မမီတော့ချေ။ မောပန်းလှသည်နှင့် တစ်ယောက်တည်း မြင်းပေါ်မှဆင်း၍ ယာခင်းတစ်ခုထဲသို့ ဝင်၏။

မင်းကြီးသည် ယာခင်းရှင် မရှိခိုက် ဆာမွတ်လှသဖြင့် ယာခင်းထဲရှိ သခွားသီးများကို ဆွတ်ခူး၍ စားလေသည်။ မကြာမီ ယာခင်းရှင် ရောက်လာ၏။ ယာခင်းရှင်က "ငါ့သခွားသီးများကို အဘယ်ကြောင့် မပြောမဆို စားရသနည်း"ဟုဆိုလျှင် "ငါ မင်းဧကရာဇ်"ဟု ပြန်ပြော၏။ "မင်းဧကရာဇ် ဖြစ်ပါလျက် ငါ့သခွားသီးကို ခိုး၍ စားရသလော"ဟု ပြောပြောဆိုဆို ဦးခေါင်းကို တူးရွင်းရိုးဖြင့် ရိုက်လိုက်ရာ ဒဏ်ရာပြင်းထန်လှသဖြင့် နေရာ၌ပင် လဲကျသေဆုံးသွားလေသည်။

မကြာမီ မြင်းခံလည်း ယာခင်းထဲသို့ ရောက်လာ၍ မိမိအရှင်

mgyoe.com

mgyoe.com




တောင်သူကြီးလည်း ပြောပြောဆိုဆို ဦးခေါင်းကို တူးရွင်းနှင့်

သေဆုံးလျက်နေသည်ကို တွေ့ရလျှင် "ဟယ်... တောင်သူကြီး၊ ငါ့အရှင်ကို အဘယ်ကြောင့် ရိုက်ရသနည်း"ဟု မေး၏။ ထိုအခါ တောင်သူကြီးက "ငါ့ သခွားသီးများကို နင်တို့အရှင် ခိုး၍ စားသောကြောင့် ငါ ရိုက်လိုက်သည်"ဟု ပြန်ပြောလေသည်။ မြင်းခံ

mgyoe.com

mgyoe.com


လည်း ငါ့အရှင်ကား သေလေပြီ။ ပြည်သူတို့ သိပါက မငြိမ်မသက် ဖြစ်ရာ၏။ ငါ့ကိုသော်လည်း ယုံကြည်နိုင်မည်မဟုတ်၊ သင်းကို ခေါ်ဆောင်သွားမှ သင့်တော့မည်ဟု ကြံစည်ပြီးလျှင် "ဟယ်... တောင်သူကြီး၊ ငါတို့အရှင်ကား မင်းဧကရာဇ်တည်း၊ မင်းဧကရာဇ်ကို သတ်သောသူသည် မင်းပြုရစမြဲဖြစ်သည်၊ နေပြည်တော်သို့လိုက်၍ မင်းပြုလေ"ဟု ဆို၏။

ထိုသို့ဆိုလေလျှင် တောင်သူကြီးက "ငါ့ယာခင်းမှ သည်နှစ်သခွားအများကြီး သီးနေသည်ကို သင် မမြင်သလော၊ ဤသခွားသီးများကို ပစ်၍ ငါ မလိုက်နိုင်၊ မင်းအဖြစ်ကိုလည်း မယူလို"ဟု ပြန်ပြော၏။

ဤသို့ ပြန်ပြောလျှင် မြင်းခံက "ဟယ်... တောင်သူကြီး၊ မင်းစည်းစိမ်ကား ကြီးမြတ်လှသည်၊ အဝတ်ကောင်းလည်း ဝတ်ရ၏၊ အစားကောင်းလည်း စားရ၏၊ ရွှေငွေများးစွာလည်း ရ၏၊ သင့် သခွားသီးများကိုလည်း အလိုရှိတိုင်း ယူနိုင်၏"ဟု ပြောပြန်လေသည်။ ဤသို့ ပြောဆိုမှ တောင်သူကြီးလည်း နှစ်သက်၍ လိုက်လာ၏။

မြင်းခံလည်း လူမသိရအောင် နန်းတော်သို့ ဆောင်ယူခဲ့လေသည်။ ရောက်လျှင် မိဖုရားကြီးကိုသာ အကျိုးအကြောင်း တင်လျှောက်၏။ မိဖုရားလည်း လိမ္မာလှသည်နှင့် "မင်းကြီး ကျန်းမာတော်မမူ၊ အတွင်းအပြင် အဝင်အထွက် မရှိစေရ"ဟု မိန့်တော်မူထားလေသည်။

ထိုသို့ အမိန့်ထုတ်ပြီးမှ တောင်သူကြီးအား မင်းနှင့် အသွင်တူအောင် သွန်သင်ပေး၏။ ခုနစ်ရက်မျှကြာလျှင် မင်းကဲ့သို့ ပြုမူ

mgyoe.com

mgyoe.com


ပြောဆိုတတ်လာလေသည်။ ပြီးသော် "မင်းကြီး ကျန်းမာတော်မူပြီ၊ မနက်ဖြန် မှူးမတ်ဗိုလ်ပါတို့ အခစားဝင်ကြလော့"ဟု မိန့်တော်မူ၏။

နံနက်ချိန် ရောက်လာသည့်အခါ မှူးမတ်ဗိုလ်ပါတို့လည်း နန်းတော်သို့ အခစားဝင်ကြလေသည်။ တောင်သူကြီးလည်း မိဖုရားကြီးနှင့် အတူထွက်၏။ ထိုအခိုက် အမတ်တစ်ယောက်က "ငါတို့ အရှင် မဟုတ်ပါတကား"ဟု ဆိုလိုက်သည်နှင့်တစ်ပြိုင်နက် တံခါးတွင် အစောင့်ထားသော ကျောက်ရုပ်ကြီးသည် ပြေး၍ ထိုအမတ်ကို ထောင်းလေသည်။ နေရာ၌ပင် သေဆုံးသွား၏။

ထိုအဖြစ်အပျက်ကို မြင်ကြရသော် အလွန်လျှင် ကြောက်ရွံ့ထိတ်လန့်ခြင်းဖြစ်ကြလေသည်။ မည်သို့မျှ မပြောဝံ့ကြတော့ချေ။ မိမိတို့ အရှင်ဟူ၍သာ အသိအမှတ်ပြုကြရကုန်၏။ တောင်သူကြီးကား နောင်သောအခါ စောရဟန်ဟူသော အမည်ဖြင့် ထင်ရှားသော မင်းတစ်ပါး ဖြစ်လာပေသတည်း။ ။


mgyoe.com

mgyoe.com


## ငမိုးရိပ်

ရှေးအခါက မြစ်ကမ်းခြေအနီး တစ်ခုသော ရွာငယ်တွင် သူအိုလင်မယားတို့ နေထိုင်ကြလေသည်။ ထိုလင်မယားသည် နံနက်တိုင်း ဆိပ်ကမ်းသို့ဆင်း၍ ခဝါဖွတ်လေ့ရှိ၏။

တစ်နေ့သောအခါ ရေထဲမှ မျောလာသော ဥကြီးတစ်လုံးကို မြင်ရလေသည်။ ထူးဆန်းလှသဖြင့် ထိုဥကြီးကို ဆယ်ယူပြီးလျှင်



သူအိုယောကျ်ားကြီးကို အတင်းဆွဲ၍ ကိုက်စားလိုက်ပြန်၏

mgyoe.com

mgyoe.com


စည်တစ်ခုအတွင်း ရေလောင်းထည့်ထား၏။ နေ့ရက်အတော်ကြာ လတ်သော် ထိုဥကြီးမှ မိကျောင်းကလေးတစ်ကောင် ပေါက်လာလေသည်။ သူအိုလင်မယားတို့လည်း ချစ်လှသည်နှင့် ကောင်းစွာမွေးမြူထားကြ၏။ ငမိုးရိပ်ဟူ၍လည်း အမည်ပေးထားလေသည်။

ငမိုးရိပ်ကား တစ်နေ့တခြား ကြီးမားလာ၏။ စည်ပိုင်းနှင့်မဆံ့တော့ချေ။ ထို့ကြောင့် ဆိပ်ကမ်းသို့ယူ၍ ဝါးလုံးများ ကာရံလျက် ထားပြီးလျှင် နေ့စဉ် အစာကျွေးပေးရ၏။

တစ်နေ့သော် ဆိပ်ကမ်းသို့သွား၍ အစာကျွေးစဉ် လူသားကိုစားလိုလှသည်နှင့် ငမိုးရိပ်လည်း သူအိုမကြီး၏လက်ကို ရုတ်တရက် ကိုက်ဆွဲလိုက်လေသည်။ သူအိုမကြီးလည်း ကျီစားသည်ထင်မှတ်၍ ရုန်းကန်ခြင်းမပြုဘဲ အသာငြိမ်နေ၏။ ငမိုးရိပ်ကားဤသို့မဟုတ်ချေ။ သူအိုမကြီးကို အတင်းဆွဲယူ၍ စားမျိုပစ်လိုက်လေသည်။

ထိုမျှ ရက်ရက်စက်စက် ပြုစေကာမူ သူအိုယောက်ျားကြီးမှာသားကဲ့သို့ ချစ်ခင်နေသည်ဖြစ်သောကြောင့် သည်းခံလျက် ကျွေးမြဲကျွေးနေ၏။

ငမိုးရိပ်မှာ လူသားစားမိပြီဖြစ်သည့်အတွက် သူအိုယောက်ျားကြီးကျွေးသော အစာမျှဖြင့် တင်းမတိမ်နိုင်၊ လူသားကိုတောင့်တမိလေသည်။ တစ်နေ့သော် စိတ်ကို မချုပ်တီးနိုင်တော့ဘဲ အစာကျွေးနေသော သူအိုယောက်ျားကြီးကို အတင်းဆွဲ၍ ဝါးမျိုလိုက်ပြန်၏။ ထိုအခါမှ သူအိုယောက်ျားကြီးလည်း "ဤမျှ ကျေးဇူးမဲ့သူကို နောင်ဘဝတွင် နိုင်ရပါစေသား"ဟု ဆုတောင်းလိုက်လေသည်။

သူအိုလင်မယား မရှိလျှင် ငမိုးရိပ်လည်း ဝါးခြံတွင်းမှ ခုန်

mgyoe.com

mgyoe.com


ထွက်၍ ကိုယ်တိုင် အစာရှာစားရတော့၏။ ကာလကြာလတ်သော် နတ်မိကျောင်းမျိုးဖြစ်သည်နှင့် လူယောင်ဆောင်နိုင်လေသည်။ ဤသို့ လူယောင်ဆောင်၍လျှောက်သွားစဉ် အလွန်လှပသော မင်းသမီးကလေးတစ်ပါး ရေချိုးနေသည်ကို တွေ့မြင်ရ၏။

ငမိုးရိပ်သည် မင်းသမီးကလေးကို ချစ်လှသည့်အတွက် အတင်းဆွဲယူ၍ ကျွန်းငယ်တစ်ခုပေါ်တွင် တစ်ယောက်တည်းထားလေသည်။ မင်းသမီးကလေး၏ ခမည်းတော်ကား သမီးတော်ဆုံးရှုံးရသဖြင့် ယူကျုံးမရ ဖြစ်နေရှာ၏။

ထိုအခိုက် ဘုရင်မင်းမြတ်ရှေ့တော်သို့ သူစိမ်းတစ်ယောက်ရောက်လာလေသည်။ ထိုလူတွင် ကြိမ်စကြာတစ်ခု ပါ၏။ ထိုကြိမ်စကြာဖြင့် ရိုက်ခေါ်လိုက်လျှင် မည်သူမျှ မနေနိုင်၊ ရောက်လာရပေသည်။ ဘုရင်မင်းမြတ်လည်း ဝမ်းမြောက်တော်မူသဖြင့် မိမိသမီးတော်ကို အတင်းဆွဲယူသွားသူအား ရိုက်နှက်၍ ခေါ်ပေးရန် မိန့်တော်မူလိုက်၏။ ဤသို့ အမိန့်ရှိသဖြင့် ကြိမ်စကြာနှင့် ပြင်းထန်စွာ ရိုက်လိုက်လျှင် ငမိုးရိပ်လည်း မခံနိုင်သဖြင့် ရေထဲမှ လူးလွန့်ကာ ပေါ်လာရလေသည်။

ကြိမ်စကြာရှင်လည်း မင်းသမီးကလေးကို ယူဆောင်၍ဆက်သရန် စေခိုင်း၏။ ငမိုးရိပ်လည်း မနေသာတော့ဘဲ ဆောင်ယူ၍ဆက်သရလေသည်။ ထိုသို့ ဆက်သပြီး မကြာမြင့်မီပင် ဒဏ်ရာပြင်းထန်လှသည့်အတွက် မချိမဆံ့ဖြစ်ကာ သေဆုံးသွားရှာ၏။

ထိုသူကား အခြားမဟုတ်ချေ။ အရင်ဘဝက ငမိုးရိပ်ကို သားကဲ့သို့ မွေးမြူလာသော အဘိုးအိုကြီးပင် ဖြစ်ပေသည်။

mgyoe.com

mgyoe.com


## ရေသဘင်

ရေသဘင်ကား ပျော်ရွှင်ဖွယ် ကောင်းလှသော မြန်မာတို့၏ ရိုးရာ ဓလေ့ ထုံးစံတစ်ရပ် ဖြစ်ချေသည်။ ယခုအခါ၌သာမဟုတ်။ ရှေး မြန်မာမင်းများ လက်ထက်တော်ကလည်း တန်ခူးလကြိမ်တိုင်း ရေသဘင်ပွဲ ဆင်နွှဲလေ့ရှိခဲ့၏။ သို့ဆင်နွှဲသည့်အခါ မင်းမိဖုရား နန်းတွင်းသူ နန်းတွင်းသား အများပင် ရေပက်ဖျန်း ကစားတတ် ကြပေသည်။

သို့သော် "အကျီစားသန်ရန်" ဆိုသည့်အတိုင်း တစ်ခါတစ်ရံ အပျော်ကြူးရာမှ အထူး စိတ်မချမ်းသာစရာကောင်းသော အရေး အခင်းများဖြစ်လာတတ်သည်ကိုလည်း သတိမူသင့်၏။ အကြောင်း သော်ကား ...

ပုဂံနေပြည်တော်ကြီး ပျက်စီးလုနီးအချိန်လောက်က နရသီဟ ပတေ့ အမည်ရှိသော မင်းတစ်ပါးစိုးစံလျက် ရှိလေသည်။ တန်ခူး လရောက်လျှင် ထိုမင်းသည် မိဖုရားမောင်းမ ခြွေရံများစွာနှင့် မြစ် ဆိပ်သို့ ထွက်၍ ရေကစားတော်မူ၏။

ထိုသို့ကစားသည့်အခါ မိဖုရားစောလုံအား ကျီစယ်လိုသဖြင့် မောင်းမငယ်တစ်ယောက်ကို ရေပက်ခိုင်းလေသည်။ မောင်းမငယ် လည်း မင်းကြီး မှာတော်မူသည့်အတိုင်း မျက်စိ မျက်နှာ ဦးဆံ

mgyoe.com

mgyoe.com




မျက်စိမျက်နှာ ဦးဆံ စသည် တစ်ကိုယ်လုံးရွှဲရွှဲစိုအောင်

စသည် တစ်ကိုယ်လုံး ရွှဲရွှဲစိုအောင် ပက်၏။ ကြမ်းကြမ်းတမ်းတမ်း ထိုသို့ပက်ရမည်လောဟု မိဖုရားလည်း အမျက်ရှိသည်နှင့် မောင်းမငယ်ကို ခေါ်၍ မေးလေသည်။ ထိုအခါ မောင်းမငယ်က မင်းကြီး စေခိုင်းသဖြင့် ဤသို့ ပက်ရကြောင်း အမှန်အတိုင်း လျှောက်တင်၏။ မိဖုရားလည်း ထိုအချိန်မှစ၍ မင်းကြီးအပေါ် အမျက်မပြေ

mgyoe.com

mgyoe.com


နိုင်ဘဲ အခါအခွင့်ကိုသာ ကြည့်လျက်နေလေသည်။ တစ်နေ့သော် မိဖုရားသည် မင်းကြီးစားတော်မူမည့် ပွဲတော်၌ အဆိပ်ခတ်ထည့်ပြီးလျှင် သူ၏ကိုယ်စား အခြားမိဖုရားငယ်တစ်ယောက်ကိုသွား၍ မင်းကြီးအား ဆက်စေ၏။

မိဖုရားငယ်လည်း အရိုးအဖြောင့်ပင် ထင်၍ ယူဆောင်ကာ ဆက်လေသည်။ ကံအားလျော်စွာ ပွဲတော်မတည်မီ မင်းကြီးသည် ပွဲတော်စာ အနည်းငယ်ကို အနားရှိ ခွေးတစ်ကောင်အား ချ၍ ကျွေး၏။ ထိုခွေးမှာ အစာစားပြီးသည်နှင့်တစ်ပြိုင်နက် ရှေ့တော်၌ပင် လတ်တလောချင်း သေဆုံးသွားလေသည်။ မင်းကြီးလည်း ထိတ်လန့်သည်နှင့် မိဖုရားငယ်ကို ခေါ်၍ စစ်မေးတော်မူ၏။

မိဖုရားငယ်က ယနေ့ မိဖုရားစောလုံ၏အလှည့်ဖြစ်ကြောင်း၊ စောလုံ နေမကောင်း၍ ကိုယ်စားဆက်ရကြောင်း တင်လျှောက်လျှင် မိဖုရားစောလုံကို ခေါ်၍ စစ်မေးတော်မူပြန်လေသည်။

မိဖုရားစောလုံကား မင်းကြီးအပေါ် အမျက်ရှိပြီးဖြစ်၍ "ဟယ် မင်းယုတ်၊ နင့်ကို ငါ မွေးမြူသူကောင်းပြုသဖြင့် အထင်အရှား မင်းဖြစ်ပြီးမှ မောင်းမငယ်ကို နှုတ်ထည့်လျက် အများတကာရှေ့တွင် အဝတ်အစား၊ ဦးဆံစွတ်အောင် ရေနှင့်ပက်သည်မှာ သင့်လျော်ပါသလော၊ မသင့်မရာ လုပ်သည့်အတွက် နှလုံးနာလှ၍ ငါကြံသည်၊ ပြုလိုရာ ပြုလေ"ဟု မကွယ်မထောက် လျှောက်ဆိုလေသည်။

မင်းကြီးလည်း ဤသို့ ရိုင်းရိုင်းပျပျ ဆိုရမည်လောဟု အမျက်ထွက်လှသဖြင့် ပန်းပဲတစ်ထောင်ကို ခေါ်၍ သံကျပ်ကွပ်စေပြီး သင်းကို ကျပ်တင်သတ်လေဟု ချက်ချင်းပင် အမိန့်တော်မူလိုက်၏။

mgyoe.com

mgyoe.com


စောလုံလည်း သူသတ်တို့ကို ရွှေငွေပေး၍ သံကျပ် မပြီး အောင် အချိန်ဆွဲထားစေပြီးလျှင် ခုနစ်ရက်တိုင်တိုင် သီတင်းသီလ ဆောက်တည်နေလေသည်။ တရားတော်ကိုလည်း မပြတ်နှာယူ၍ ရတနာသုံးပါးဂုဏ်ကိုသာ အာရုံပြုလျက်နေ၏။ နေ့ရက် စေ့လတ် သော် ပုတီးကို လက်ကကိုင်ကာ သံပူရဲရဲပေါ်သို့ နင်း၍ တက်လေ သည်။ သုံးကြိမ်တိုင်တိုင် မီးငြိမ်းသောဟူ၏။

ထိုနောက်မှ လက်အုပ်ချီ၍ "ဤမျှ အမြော်အမြင် ကင်းမဲ့ သူနှင့် အတူမနေလို၊ နောင်တမလွန်၌လည်း မတွေ့မကြုံရသည့် ကိုယ် ဖြစ်ပါစေသား၊ ငါ၏ ဆုတောင်းပြည့်မည်မှန်က ငါ၏ကိုယ် လည်း ခဏချင်း လောင်ကျွမ်းပျက်စီးပါစေသား"ဟူ၍ အဓိဋ္ဌာန်ပြု ၏။ ထိုသို့ပြုလေလျှင် ရုတ်တရက် မီးတောက်မီးလျှံများ ပေါ် ထွက်၍ တစ်ခဏချင်း လောင်မြိုက်သွားလေသည်။

ထိုသို့ဖြစ်ပျက်ပြီးလေသော် မင်းကြီးမှာ များစွာကြေကွဲဝမ်း နည်းလျက် ညစဉ်ညတိုင်း မိဖုရားကြီး စောလုံကိုသာ ယောင်ယမ်း တသမိတော့၏။ အမျက်ရှိတိုင်း မိမိ မဆင်မခြင်ပြုမိသည်ကို လည်း အမြဲနောင်တရလျက် နေရှာလေသည်။ ။

mgyoe.com

mgyoe.com


## မင်းဆရာ

ရှေးအခါက ပုဂံပြည်တွင် မင်းဆရာ ပုရောဟိတ်တစ်ယောက် ရှိလေသည်။ တစ်နေ့သော် ထိုဆရာ၏ နေအိမ်တွင် သားယောကျာ်းကလေးတစ်ယောက် ဖွားမြင်၏။ ကလေး၏ဇာတာကို တွက်၍ကြည့်သည့်အခါ နောင် မိမိလျှာကို ဖြတ်လိမ့်မည်ဟု ဟောကိန်းထွက်သဖြင့် များစွာ ထိတ်လန့်ခြင်း ဖြစ်ရှာလေသည်။ သို့ကြောင့် ကလေးကို အိုးငယ်ဖြင့် ထည့်ပြီးလျှင် အိမ်သူ မသိရအောင် တိတ်တဆိတ် ဆောင်ယူ၍ မြစ်ထဲသို့ မျှောပစ်လိုက်၏။

အိုးငယ်လည်း တဖြည်းဖြည်း မျှောပါ၍ မြစ်အောက်သို့ ရောက်သွားလေသည်။ ထိုအချိန်တွင် ရေချိုးနေသော မိန်းမကြီးတစ်ယောက်သည် အဝေးမှမျှောလာသော အိုးငယ်ကို ရုတ်တရက်မြင်ရ၏။ ထူးဆန်းလှသည်ဟု သဘောပိုက်၍ အိုးငယ်ကို အိမ်သို့ ဆယ်ယူခဲ့လေသည်။

အိုးကိုဖွင့်၍ ကြည့်သည့်အခါ ကလေးငယ်ကို မြင်ရသဖြင့် ဝမ်းသာအားရ ဖြစ်သွား၏။ သားသမီး မရှိသည့်အတွက် သားဟူသောအမှတ်ဖြင့် ကောင်းစွာ ကျွေးမွေးပြုစုထားလေသည်။

အရွယ်ရောက်လတ်သော် ခရီးသွားကုန်သည်တို့နှင့် တိုင်းတစ်ပါးသို့ သွား၍ ပညာသင်စေ၏။ သူငယ်လည်း ဝါသနာ

mgyoe.com

mgyoe.com




ငါးကလေးသည် မောင်မှန်ကန် ပြသောနေရာသို့ရောက်အောင် ရွေ့သွားပြီးလျှင်

mgyoe.com

mgyoe.com



အလျောက် ဗေဒင်ပညာကို အထူးလေ့လာလေသည်။ ၁၆ နှစ် အရွယ်ရောက်၍ ကောင်းစွာ တတ်မြောက်မှ မိခင်ထံ ပြန်ခဲ့၏။ ထိုအတောအတွင်း မိခင်ကြီး သေဆုံးနှင့်လေပြီ။ သူငယ်လည်း ခိုကိုးရာမဲ့ဖြစ်သည်နှင့် ခြေဦးတည့်ရာ သွားတော့အံ့ဟု ရွာမှ ထွက် ခဲ့၏။

ပုဂံနေပြည်တော်သို့ရောက်လျှင် မိမိ တတ်ကျွမ်းသော ဗေဒင် ပညာဖြင့် ကောင်းစွာ အသက်မွေးမြူနေလေသည်။ ဟောသမျှ မှန်လှ၍ မောင်မှန်ကန်ဟု ခေါ်ကြ၏။ ဤသို့ဖြင့် တစ်နေ့တခြား ထင်ရှားလာလေသည်။

တစ်နေ့သော် ပုဂံပြည့်ရှင်သည် ကျောင်းတစ်ဆောင် ဆောက် လုပ် လှူဒါန်းလိုသဖြင့် မှူးမတ်တို့အား "သင့်လျော်မည့်နေရာ ကို ရွေးလော့"ဟု မိန့်တော်မူ၏။ မှူးမတ်တို့လည်း မင်းဆရာ ပုရောဟိတ်ကို ပင့်၍ နေရာရွေးစေလေသည်။ မင်းဆရာလည်း အသေအချာ တွက်ချက်ပြီးလျှင်...

"ယခု နွေခေါင်ခေါင်ဖြစ်စေကာမူ မွန်းတည့်ချိန် ကျသည့် အခါ မိုးတိမ်များ ရုတ်တရက် တက်လာလိမ့်မည်။ မိုးတိမ်များ နောက်ကွယ်မှ ဝံလိုင့်ကတစ်ကောင် ပေါ်လာပြီး နှုတ်သီးဖြင့် ချီယူ ခဲ့သော ငါးကလေးကို လွှတ်ချလိုက်လိမ့်မည်။ ထိုချလိုက်သော ငါးကလေးသည် ကောင်းကင်မှကျကာ ဤနေရာတွင် ရပ်လတ္တံ့။ ထိုရပ်သောနေရာကား အုတ်မြစ်ချရန် နေရာပင်တည်း"ဟု ညွှန်ပြ ၏။

ဤသို့ပြောသည့်အခါ မောင်မှန်ကန်လည်း အနီးအနားရှိ ပရိသတ်ထဲမှ ထွက်လာပြီးလျှင် "ငါးကလေး ရပ်တန့်မည့်နေရာ

mgyoe.com

mgyoe.com


မှာ ထိုနေရာမဟုတ်၊ ဤနေရာသာ ဖြစ်ရမည်”ဟု မူလနေရာနှင့် အတန်ငယ် ကွာသော နေရာကို ပြလေသည်။

မင်းဆရာလည်း အမျက်ထွက်လှသဖြင့် “ပညာအနည်းအကျဉ်း တတ်ကျွမ်းကာမျှနှင့် ထိုသို့ ဝင်စွက်ရာသလော” ဟု မဖွယ်မရာ ဆို၏။

မောင်မှန်ကန်လည်း မခံနိုင်၍ “ဤနေရာမဟုတ်လျှင် လျှာ ဖြတ်ခံဝံ့ပါမည်လော”ဟု ဝံ့ဝံ့စားစား မေးလိုက်လေသည်။ မင်းဆရာလည်း “အများသိကြစေ၊ နေရာမမှန်လျှင် ဖြတ်လော့” ဟု ဆိုပြန်သဖြင့် နှစ်ဦးသဘောတူ ဖြစ်ကြ၏။

မွန်းတည့်ချိန်ကား နီးကပ်လာချေပြီ။ မှူးမတ်ပရိသတ်တို့လည်း စိတ်အားထက်သန်စွာ စောင့်ဆိုင်းငံ့လင့်နေကြ၏။

ထိုအခိုက် အရပ်လေးမျက်နှာမှ ရတ်တရက် မိုးသား မိုးတိမ်များ တက်လာလေသည်။ မကြာမီ ထိုတိမ်တိုက်များအကြားမှ ဝံလိုင်ငှက်တစ်ကောင် ပေါ်လာ၏။ ထိုငှက်သည် မင်းဆရာ ဟောထားသည့်အတိုင်း မိမိ ချီယူခဲ့သော ငါးကလေးကို မြေပေါ်သို့ ပစ်ချလိုက်လေသည်။ ဤသို့ပစ်ချလိုက်သည့်အခါ ရှေးဦးစွာ မင်းဆရာ ညွှန်ပြသော နေရာပေါ်သို့ ကျလာ၏။ ပရိသတ်များလည်း ဟာခနဲဖြစ်ကာ မှန်လှပါပေသည်ဟူ၍ အားပါးတရ ဟစ်အော်ကြလေသည်။

သို့ရာတွင် ငါးကလေးမှာ မသေသေး၊ လူးလွန့်ကာ တဆွဆွ ခုန်လျက်နေသေးသည်။ နောက်မှ တဖြည်းဖြည်း မောင်မှန်ကန် ပြသောနေရာသို့ရောက်အောင် ရွေ့သွားပြီးလျှင် အသက်ထွက်သွား၏။ မှူးမတ်ပရိသတ်တို့လည်း အံ့သြ၍ မကုန်နိုင်အောင် ရှိနေ

mgyoe.com

mgyoe.com


ကြလေသည်။

မင်းဆရာလည်း ရှက်လှသဖြင့် "သင်က ငါ့ထက် မှန်ပေသည်၊ ယခုပင် ငါ့လျှာကို ဖြတ်လော့"ဟု ညှိုးငယ်စွာ ဆို၏။ မောင်မှန်ကန်ကား စင်စစ် မဖြတ်လို၊ သို့သော် ကတိထားပြီး ဖြစ်သည့်အတိုင်း ရှိစေတော့ဟု အနည်းငယ်မျှသာ ဖြတ်လိုက်လေသည်။

ဤသို့ဖြတ်လိုက်မှ ဆရာပုရောဟိတ်လည်း ငယ်စဥ်က အဖြစ်အပျက်များကို ပြန်လည်သတိရလာ၏။

မောင်မှန်ကန်ကို စုံစမ်းမေးမြန်းသည့်အခါ အမှန်ပင် မိမိသားငယ်ဖြစ်နေကြောင်း သိရ၍ အားရဝမ်းသာနှင့် သားငယ်ကို ပွေ့ဖက်လေသည်။ သားငယ်လည်း ယခုမှ ဖခင်မှန်း သိရသဖြင့် များစွာ ပူဆွေးဒုက္ခ ရောက်ရှာ၏။

နောက်သော် သားငယ်အား နှစ်သိမ့်စေပြီးလျှင် မင်းဆရာအဖြစ် ခံယူစေ၍ အသက်ထက်ဆုံး သားငယ်နှင့်အတူ နေလေတော့သတည်း။ ။

mgyoe.com

mgyoe.com


## သူ့ကျေးဇူး

ရှေးအခါက ပင်လယ်မြို့ကို စိုးပိုင်ရသော မြို့စားတစ်ပါး ရှိလေသည်။ ထိုမြို့စား၏အမည်မှာ ငါးစီးရှင်ကျော်စွာ ဖြစ်၏။ ကျော်စွာသည် ညီတော်တစ်ယောက် ရှိလေသည်။ ညီတော်သည် ထိုအချိန်က စစ်ကိုင်းမြို့ကို အုပ်စိုးလျက်နေ၏။

နောင်တော်ကျော်စွာတွင် အလွန် ယုံကြည်စိတ်ချ အားကိုးရသော ကျွန်ယုံတစ်ယောက် ရှိလေသည်။ အမည်မှာ "ခင်ညို" တည်း။ ခင်ညိုကား သစ္စာလည်း ရှိသည်။ သူရသတ္တိနှင့်လည်း ပြည့်စုံသည်။ သူတစ်ပါး၏ ကျေးဇူးကိုလည်း သိတတ်သည်။

တစ်နေ့သော် ငါးစီးရှင်ကျော်စွာက ခင်ညိုကို ခေါ်ပြီးလျှင် "ညီတော် အသခ်ယာကိုသွား၍ လုပ်ကြံချေ"ဟု စေခိုင်း၏။ ခင်ညိုလည်း အသခ်ယာကို သတ်ရန် စစ်ကိုင်းမြို့ဘက်သို့ ကူးလာခဲ့လေသည်။

မြို့တွင်းသို့ဝင်ရန် အလစ်အလပ် မရသေးသဖြင့် တောထဲ၌သာ ပုန်းအောင်းနေရ၏။ ဤသို့လျှင် ထမင်းရေစာ မစားသောက်ဘဲ သုံးရက်တိုင်တိုင် ခိုအောင်းနေရလေသည်။ သုံးရက်မြောက်သောနေ့ ညဥ့်နက်ချိန်ရောက်မှ နန်းတော်ထဲသို့ ဝင်နိုင်၏။

ခင်ညိုလည်း နန်းတွင်းသို့ မရောက်မီ စစ်ကိုင်းမင်းနတ်

mgyoe.com

mgyoe.com




ခေင်ညိုသည် ဓားကိုထုတ်လိုက် ပြန်သွင်းလိုက်နှင့်

တင်ထားသော အမဲ၊ သားငါးအပြည့်နှင့် ထမင်းကို ပက်ပင်းပါ တွေ့လေသည်။ သုံးရက်မျှကြာကြာ ငတ်မွတ်လာခဲ့ရသည် ဖြစ်သောကြောင့် မစားဘဲ မနေနိုင်၊ အားပါးတရ ဆွဲယူစား၏။ စား၍ ဝသောအခါမှ စစ်ကိုင်းမင်း ကျိန်းစက်ရာခန်းဆောင်ထဲသို့ ဝင်လေသည်။

စစ်ကိုင်းမင်းကား ထိုအချိန်တွင် စက်တော်ခေါ်နေ၏။ အစောင့်အရှောက်တို့လည်း အိပ်မောကျလျက်ပင်။ သို့ကြောင့် ငခေင်ညို

mgyoe.com

mgyoe.com


အတွက် လုပ်ကြံရန် အခွင့်အသာဆုံးသောအချိန် ဖြစ်လေသည်။ ခေင်ညိုလည်း အနီးအနားမှ ရပ်လျက် ဓားအိမ်မှ ဓားကို အသာဆွဲထုတ်၏။

ထိုအခိုက်ပင် ခေင်ညို၏စိတ်၌ ဤသို့ အကြံဖြစ်လေသည်။ ဤမင်း နတ်တင်သော ထမင်းကို ယနေ့ ငါ စားမိပြီ။ ဤမင်းသည် ငါ၏ ထမင်းရှင် ဖြစ်ခဲ့၏။ ထမင်းရှင်ကို ပြစ်မှားမိသော် အလွန်ဝန်လေးချေတော့မည်။ ဝန်လေးမည့်အမှုကို မပြုလိုဟု ဆင်ခြင်မိသည်နှင့် ဓားကို ပြန်သွင်း၏။

ထိုနောက်မှ ငါ မသတ်ဘဲပြန်သွားလျှင် ငါ့ကို ငါ့အရှင် အမျက်ထွက်လတ္တံ့။ သတ်သော်လည်း သတ်လတ္တံ့ဟု တွေးတောမိပြန်၍ ဓားကို ပြန်နုတ်ပြန်လေသည်။ တစ်ဖန် ငါ့အရှင်က ငါ့ကို သတ်သော် ယခု တစ်သက်သာ သေရမည်။ ထမင်းရှင်ကို ပြစ်မှားမိသော် ဘဝများစွာ ခံရရာ၏။ မသတ်တော့ပြီဟု စဉ်းစားမိပြန်သဖြင့် ဓားကို ပြန်သွင်းပြန်လေသည်။

ဤသို့ဖြင့် လက်ထဲမှဓားကို ဆွဲထုတ်လိုက်၊ ပြန်သွင်းလိုက်နှင့် အတန်ကြာအောင် ချီတုံချတုံ ဖြစ်နေ၏။ နောက်ဆုံး၌ကား ခေင်ညိုသည် ဓားကို ဓားအိမ်ထဲသို့ တစ်ခါတည်း အပြီးထိုးသွင်းလိုက်လေသည်။ မည်သည့်နည်းနှင့်မျှ ထမင်းရှင်ကိုတော့ မပြစ်မှား၊ ငါ့သခင်က ငါ့အား သတ်လိုလျှင် သတ်စေ၊ အသေခံတော့အံ့ဟု ဆုံးဖြတ်လိုက်သောကြောင့် ဖြစ်၏။

နောက်မှ အတွင်းတော်အထိ ရောက်ခဲ့ကြောင်း ပြသနိုင်ရန် စစ်ကိုင်းမင်း အမြဲတမ်း ကိုင်ဆောင်သော ကျောက်စီဓားကို အသာယူ၍ ထွက်ခဲ့လေသည်။ သူ့သခင် ပင်လယ်မြို့စားလည်း ခေင်ညို

mgyoe.com

mgyoe.com


ပြန်အလာကို စောင့်မျှော်နေ၏။ ခေင်ညိုကို မြင်ရလျှင် "ငါ့ကျွန် ပြီးစီးခဲ့ပြီလော"ဟု အရေးတကြီး ဆီး၍ မေးလေသည်။ ခေင်ညို လည်း မိမိစိတ်တွင် ဖြစ်ပေါ်သမျှကို အမှန်အတိုင်းလျှောက်၍ ယူ ဆောင်ခဲ့သော ကျောက်စီဓားကို ဆက်သ၏။

ပင်လယ်မြို့စားလည်း စိုးစဉ်းမျှ အမျက်မထွက်ဘဲ ငါ့ကျွန် သည် ထမင်းတစ်လုတ်ကို စားရကာမျှဖြင့် သူတစ်ထူး၏ ကျေးဇူး ကို သိတတ်လှပေသည်။ ငါ့ကျေးဇူးသော်ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ဤမျှ ကျေးဇူးသိတတ်သူကို အပြစ်မထားသင့်ဟု ဆင်ခြင် တော်မူမိသည့်အတွက် ခေင်ညိုအား ဆုလာဘ်များစွာ ပေးကမ်း ချီးမြှင့်တော်မူလေသတည်း။ ။

mgyoe.com

mgyoe.com


## စွဲလမ်းသူ

ရှေးအခါက အင်းဝနေပြည်တော်တွင် တရဖျားအမည်ရှိသော မင်းတစ်ပါး ရှိလေသည်။ ထိုမင်းသည် အလွန် တောကစား ဝါသနာပါ၏။ တစ်နေ့သော် မှူးတော် မတ်တော်တို့နှင့်အတူ တောကစားအံ့ဟု အောင်ပင်လယ်အရပ်သို့ ထွက်လေသည်။ မကြာမီ သမင်တစ်ကောင်ကို မြင်ရ၏။

မင်းကြီးက "ဤသမင်ကို အမိဖမ်းယူအံ့၊ ကိုယ့်တာနှင့် ကိုယ်ရှိကြစေ၊ တစ်ဘက်ဘက်မှ ထွက်ခဲ့သော် အထွက်ခံရသူ၏ တာဝန်တည်း"ဟု မိန့်တော်မူပြီးလျှင် သမင်ကို ဝိုင်းကြလေသည်။ သမင်လည်း အလန့်တကြား ပြေးလွှား၍ ထွက်ပေါက်မရသည်နှင့် မင်းကြီး ရှိရာဘက်မှ တိုးထွက်၏။ မင်းကြီးကား အရှက်ရလေပြီ။ နောက်မှ မြင်းနှင့် အတင်းလိုက်၏။ သို့ဖြစ်၍ မှူးမတ်တို့နှင့် တကွဲတပြား ဖြစ်သွားလေသည်။

ဤသို့ဖြင့် မင်းကြီး တစ်ပါးတည်း တောနက်ကြီးထဲသို့ ရောက်လေလျှင် မောပန်းလှသည်နှင့် ခေတ္တမျှ ရပ်နားနေ၏။ သမင်ကိုကား မတွေ့ရတော့ချေ။ လှမ်းမျှော်၍ ကြည့်ပါသော်လည်း တစ်ဦးတစ်ယောက်ကိုမျှ မမြင်ရသဖြင့် အားငယ်လျက်ရှိနေ၏။

mgyoe.com

mgyoe.com




ဇော်ဂျီက အသင်မင်းကြီး ထိတ်လန့်ခြင်းမဖြစ်ပါနှင့်

ထိုအခိုက် ရုတ်တရက် ကောင်းကင်မှ ဇော်ဂျီတစ်ယောက် ကျလာလေသည်။ မင်းကြီးကား ဇော်ဂျီကိုမြင်လျှင် အနည်းငယ် ထိတ်လန့်တုန်လှုပ်သွား၏။ ဇော်ဂျီက "အသင် မင်းကြီး ထိတ်လန့်ခြင်း မဖြစ်ပါနှင့်၊ အသင့်ကို ရန်မူရန် လာသည်မဟုတ်၊ သင့်လက်မှ ခရသင်းကိုသာ ငါ့အား ပေးပါလေ၊ မင်းကြီး အလိုရှိသည့် အတတ်ကို ငါတတ်မြောက်အောင် သင်ပေးအံ့"ဟုဆိုမှ သက်သာ

mgyoe.com

mgyoe.com


ရာ ရသွားလေသည်။

ပြီးလျှင် မင်းကြီးက "သင့်စကား မှန်အံ့လော"ဟု ဆို၏။ ဇော်ဂျီက ဟုတ်မှန်ကြောင်း ဝန်ခံသည့်အခါမှ မိမိ လက်တွင်းရှိ ခရုသင်းကို ဇော်ဂျီအား ပေးလိုက်လေသည်။ ဇော်ဂျီလည်း ခရုသင်းကို ရသည့်အခါ "မင်းကြီး အဘယ်အတတ်ကို လိုသနည်း" ဟု မေး၏။ ထိုအခါမှ မင်းကြီးက "မည်သည့်အတတ်ကိုမျှ ငါ မလို၊ နတ်သမီးကိုသာ လိုချင်သည်" ဟု ပြန်ပြောလေသည်။

ဇော်ဂျီလည်း လက်ဖျစ်တီး၍ မန်းလိုက်လျှင် တစ်ခဏချင်း ကောင်းကင်မှ ချောမောလှပသော နတ်သမီးကလေး တစ်ယောက် ရှေ့တော်သို့ ကျလာ၏။ မင်းကြီးမြင်လျှင် အလွန် စွဲလမ်းသော စိတ်ဖြင့် စူးစိုက်၍ ကြည့်ရှုငေးမောနေလေသည်။

မင်းကြီး၏စိတ်ကို သိသည်နှင့် "အသင်မင်းကြီး၊ ဤနတ်သမီးကို ယူလော့"ဟု ဆိုပြီးလျှင် ဇော်ဂျီလည်း နေရာမှ ပျောက်ကွယ်သွားတော့၏။ မင်းကြီးကား နတ်သမီးကို အရူးအမူး ချစ်ခင်လျက် ရှိလေပြီ။ မိမိအလိုသို့ နတ်သမီး ပါလာအောင် အမျိုးမျိုး သွေးဆောင်နေ၏။

ထိုအခိုက်မှာပင် နတ်သမီးလည်း ဇော်ဂျီကဲ့သို့ မင်းကြီး၏ မျက်စိအောက်မှ ရုတ်တရက် ပျောက်ကွယ်သွားပြန်လေသည်။ ထိုသို့ ပျောက်ကွယ်သွားသဖြင့် မရပ်မတည်နိုင်အောင်ဖြစ်၍ စိတ်လည်း ဖောက်ပြန်လာတော့၏။

နန်းတော်သို့ ရောက်သည့်တိုင်အောင် "နတ်သမီး၊ နတ်သမီး"ဟူ၍သာ တမ်းတလျက် နေရှာလေသည်။ အကြောင်းကို သိရလျှင် မှူးမတ်တို့လည်း များစွာ ကြေကွဲဝမ်းနည်းခြင်း ဖြစ်ကြ

mgyoe.com

mgyoe.com


ကုန်၏။ အနည်းနည်း အဖုံဖုံ ကုသသော်လည်း မရချေ။ စိတ်ဖောက်ပြန်နေပြီဖြစ်သောကြောင့် မင်းနှင့်မလျော်သော အမှုတို့ကိုသာ အမြဲပြုနေ၏။

တစ်နေ့သော် ဘုရားတစ်ဆူ၏ လိုဏ်ဂူအောက်၌ တစ်ဦးတည်း ငါးမျှားနေစဉ် အထိန်းတော်သားတစ်ယောက် လုပ်ကြံသည့်အတွက် နတ်ရွာစံလွန်တော်မူသွားရရှာလေသည်။ ။

mgyoe.com

mgyoe.com


## ဆင်လိမ္မာ

ပဲခူးဘုရင် ရာဇာဓိရာဇ် စီးနင်းတော်မူသော ဆင်တစ်ကောင် ရှိလေသည်။ ထိုဆင်၏အမည်မှာ ဗကမတ်တည်း။ ဗကမတ်ကား ဆင်အားလုံးတို့တွင် အင်အားအကောင်းဆုံး၊ အလိမ္မာဆုံးဖြစ်ချေသည်။

တစ်နေ့သော် ထိုဆင်ကို တိုက်ပွဲတွင် မြန်မာတို့ ရရှိသွားသည့်အတွက် ရာဇာဓိရာဇ်လည်း မသက်မသာ ဖြစ်တော်မူရာ၏။ သို့ဖြစ်၍ ဆင်ဦးစီးငပျန်ကို ခေါ်တော်မူပြီးလျှင် "အသို့ပြုအံ့နည်း" ဟု တိုင်ပင်တော်မူလေသည်။

ထိုအခါ ငပျန်က "အရှင်မင်းကြီး စိုးရိမ်တော် မမူပါနှင့်၊ ဗကမတ်ကား အခြားဆင်တို့နှင့်မတူ၊ အလွန် လိမ္မာပါးနပ်ပါသည်၊ ကျွန်ုပ် ပြောသမျှကို နားလည်၏၊ နောက်တစ်ကြိမ် စစ်ထွက်ရသော် ရအောင် ကြံဆောင်ပေးပါအံ့"ဟု တင်လျှောက်လိုက်လေသည်။ ဘုရင်မင်းမြတ်လည်း အလွန်နှစ်သက် အားရခြင်းဖြစ်တော်မူ၏။

ဆင်ဦးစီး ငပျန်လည်း စစ်မထွက်မီ တစ်နေ့သော ညဥ့်ဦးယံအချိန်တွင် အဖော်နှစ်ယောက်နှင့်အတူ မြန်မာတို့ တပ်နားသို့ ချဉ်းကပ်လေသည်။ ရောက်လျှင် မြန်မာတို့ အိပ်ပျော်ချိန်ကိုသာ စောင့်ဆိုင်းငံ့လင့်နေ၏။

mgyoe.com

mgyoe.com


မကြာမီ တပ်သားများ အိပ်ပျော်ကြပြီဖြစ်၍ ဆင်တင်းကုပ်ထဲသို့ ငပျန်တို့လူစု တိတ်တဆိတ် ဝင်ရောက်ကြလေသည်။ အနံ့ရလျှင် ငပျန်မှန်းသိ၍ ဇကမတ်လည်း နှားရှုက် မခတ်ဘဲ ငြိမ်ဝပ်စွာနေ၏။

ငပျန်လည်း ဇကမတ် ရှိရာသို့သွား၍ ယူလာသော ကြံသုံးချောင်းကို ပေးပြီးလျှင် "ငါတို့ လာရသည်ကား ဘုရင်မင်းမြတ်က စေတော်မူသောကြောင့် ဖြစ်သည်။ ငါနှင့် မင်းညီနှစ်ယောက်ကို ချစ်ပါက နက်ဖြန် မြန်မာတို့ ထွက်၍တိုက်သည့်အခါ အစီးအနင်း



ရင်ဆိုင်တွေ့၍ အနားသို့ကပ်မိသည်နှင့်တစ်ပြိုင်နက်

mgyoe.com